


# ❁မာတိကာ❁

စာမျက်နှာ

## tyi;-u

၁။ ၂၀၁၅ခုနှစ်၊ ယုဒသသန်နေ့ဦးတည်ချက်များ. . ၁
၂။ အထွေထွေအတွင်းရေးမှူး၏အမှာစကား. . ၂–၄
၃။ ယုဒသသန်နေ့ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်(နမူနာ) ၅
၄။ တိုက်တွန်းနှိုးဆော်ချက်. . ၆–၁၂
၅။ သမ္မာကျမ်းစာလေ့လာခြင်း. . ၁၂–၁၈
၆။ ယုဒသသန်နေ့အကြို၊တစ်ပတ်တာဆင်ခြင်အောက်မေ့ရန် ကျမ်းပိုဒ်များနှင့် ဆုတောင်းချက်များ . . ၂၁–၂၆
၇။ ဌာနများအတွက်ဆုတောင်းပေးရန်အချက်များ. . ၂၇–၃၃

## tyi;-c

၁။ ဆရာကြီးယုဒသသန်အကြောင်းသိမှတ်ဖွယ်ရာသမိုင်းအကျဉ်း. . ၃၄–၄၅
၂။ ဆရာကြီးယုဒသသန်၏မှတ်သားဖွယ်ရာစကားများ. . ၄၆–၄၈

## tyi;-*

၂။ ၂၀၁၃–၂၀၁၄ ခုနှစ်၊ ယုဒသသန်နေ့ပေးလှူငွေများ. . ၄၉
၃။ နှစ်အလိုက်ယုဒသသန်နေ့အလှူငွေ တိုးတက်မှုပြဇယား. . ၅၀

❁❁❁

# tyi;-u

## ၂၀၁၅–ခုနှစ်၊ယုဒသန်နေ့ဦးတည်ချက်

- မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ ဦးတည်ချက်အတိုင်း အလိုတော်သည် မြန်မာပြည်၌ ပြည့်စုံစေရေး တွန်းအားပေးရန်။

## ၂၀၁၅–ခုနှစ်၊ ယုဒသန်နေ့ ရည်ရွယ်ချက်များ

- ဘိုးဘေးတို့မှလက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သောနှစ်ခြင်း သာသနာလုပ်ငန်းတွင် နှစ်(၂၀၀)ပြည့်အလွန်နှင့် (၁၀)နှစ်စီမံ ကိန်းများကို ယုဒသန်နေ့အစီအစဉ်အားဖြင့် ကျေးဇူးတော်ချီး မွမ်းလျက် တွန်းအားပေးရန်။

- လူမျိုးစုနှင့် ဒေသန္တရအဖွဲ့ချုပ်အသီးသီးမှ သာသနာ့လုပ်ငန်းများ တွင်တစ်စိတ်တစ်ဝမ်းတည်းဖြင့် ညီညွတ်စွာပါဝင် လုပ်ဆောင်သည် သာမက အသင်းတော်တိုင်း၊ ယုံကြည်သူတိုင်းသည်လည်း စိတ် အားထက်သန်စွာ တိုး၍ဆက်ကပ်လှူဒါန်း လာကြစေရန်။

- ဘုရားသခင်၏ အလိုတော်သည် မြန်မာနိုင်ငံတွင်ပြည့်စုံလာ စေရေးအတွက် ဆရာကြီးယုဒသန်ကဲ့သို့ သာသနာပြုစိတ် ဓာတ်အပြည့်အဝနှင့် အားသွန်ခွန်စိုက် ဆက်ကပ်အပ်နှံသော ယုံကြည်သူများတိုးပွားလာရန်။

❁ ❁ ❁





## အထွေထွေအတွင်းရေးမှူး၏ နှုတ်ခွန်းဆက်အမှာစကား

၂၀၁၅–ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ကျရောက်မည့်ယုဒသန် တနင်္ဂနွေနေ့ (Judson Sunday)အတွက် ပြင်ဆင်နေကြသော အသင်း သူ၊အသင်းသားအားလုံးကို မင်္ဂလာပါဟု ခရစ်တော်၏နာမတော်၌ နှုတ် ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်သည် ၂၀၁၄ ခုနှစ်မှ စ၍ နှစ်၂၀၀အလွန်နှစ်ခြင်းသာသနာ (၁၀)နှစ်စီမံကိန်းကို အောက်ပါရည် ရွယ်ချက်များဖြင့် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။

၁။ အသင်းတော်များ ဝိညာဉ်ရေးရာ၌ ရှင်သန်နိုးကြားပြီး သာသနာပြု စိတ်ဓာတ်များ ပြင်းပြစွာ ရှိလာစေရန်အတွက် နိုးကြားရေးအစီ အစဉ်များနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးရန်။

၂။ အသင်းတော်များ ဓမ္မကြောင်းနှင့်အညီ ကိုယ့်အားကိုယ်ကိုးရပ် တည်လာနိုင်ရေးအတွက် နည်းပညာများဝေငှခြင်း၊ အမြင်ဖွင့် သင်တန်းများပြုလုပ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေး ခြင်း စသည်ဖြင့်ဘက်စုံမှ ကူညီပံ့ပိုးရန်။

၃။ အသင်းတော်သည် အခြားဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ နှင့်အပြန်အလှန် နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အသိအမှတ် ပြုမှုရရှိနိုင်ရေးအတွက် အပြန်အလှန် ဒိုင်ယာလော့ခ် အစီအစဉ် များပြုလုပ်ပေးရန်။

၄။ အသင်းတော်များအနေဖြင့် နှစ်ခြင်းခရစ်ယာန်တို့၏ ယုံကြည် ခြင်းနှင့် ကျင့်သုံးမှုဝိသေသများ၊ အမွေအနှစ်များတို့ကို ထိန်း

သိမ်းစောင့်ရှောက် တန်ဖိုးထားနိုင်ရန် သင်တန်းများနှင့် ပြတိုက်များ၊ ပြခန်းများ၊ အချက်အလက်များ စုဆောင်းထိန်းသိမ်းရန်။

၅။ အသင်းသားတိုင်း နိုင်ငံတော်တည်ဆောက်ရေးတွင် ဓမ္မကြောင်းအရ ပြန်လည်သင့်မြတ်ရေး၊ တရားမျှတရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ စသည့်လုပ်ငန်းစဉ်များတွင် သိက္ခာရှိစွာ ပါဝင်နိုင်ရေးနည်းလမ်းရှာဖွေရန်။

ဤကဲ့သို့ သာသနာလုပ်ငန်းများကို လုပ်ဆောင်ရာတွင် လူမျိုးစုနှင့် ဒေသန္တရ (၁၈) ဖွဲ့နှင့် အသင်းတော်ကြီးနှစ်ပါးတို့၏ ထည့်ဝင်လှူဒါန်းမှုများ၊ ပြည်တွင်းပြည်ပရှိသာသနာမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုများအပြင် နှစ်စဉ် ဒေသန္တရအသင်းတော် (၅၀၀၀)ခန့်တို့၏ ယုဒသန်တနင်္ဂနွေနေ့မှ ကောက်ခံရရှိသော အလှူငွေများဖြင့် အကောင်အထည်ဖော်လျက် ရှိပါသည်။ အထူးသဖြင့် Judson Sunday မှ ကောက်ခံရရှိသော ထိုအလှူတော်ငွေများကို အသင်းချုပ်၏ ဝေံဂေလိနှင်သာသနာပြုရေးလုပ်ငန်းတွင် တိုက်ရိုက် အသုံးပြုပါသည်။ Judson Sunday အလှူတော်ငွေများကို ၂၀၁၄–ခုနှစ်တွင်ကျပ်သိန်း ပေါင်း(၃၅၀)ရရှိရန် ခန့်မှန်းရေးဆွဲထားသော်လည်း အမှန်ရရှိသော အလှူတော်ငွေမှာ ကျပ်သိန်းပေါင်း ၄၀၀ ကျော်ပါသည်။ တဖန် ၂၀၁၅–ခုနှစ် Judson Sunday အလှူတော်ငွေအား သိန်းပေါင်း(၄၅၀)ခန့်မှန်းရေးဆွဲ ထားပြန်ရာ ခါတိုင်းနှစ်များကဲ့သို့ ပိုမိုထည့်ဝင်လှူဒါန်းကြမည်ဟု အပြည့်အဝ မျှော်လင့်ပါသည်။ ဤကဲသို့ တိုးလာသော အလှူငွေများကို ကြည့်ခြင်းအားဖြင့် အသင်းသူအသင်းသားများ၏ သာသနာပြုစိတ်ဓာတ်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

ယခု ၃–နှစ်သက်တမ်း(၂၀၁၅–၂၀၁၇)တွင် သာသနာကွင်းသစ် (၂၀၀)ကွင်းကို ဖော်ထုတ်ပြီး ဆက်ကပ် လုပ်ဆောင်ရန် လွှန်ခဲ့သည့်သင်းလုံးကျွတ်မှ တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့ပါသည်။





သခင်ခရစ်တော်၏ တပည့်တော်များအနေဖြင့် အဓိကအာရုံစိုက်သောအရာမှာ သာသနာပြုခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ကျမ်းစာ၌ တမန်တော်တို့သည် တပည့်တော်များအနေဖြင့် အဓိကအာရုံစိုက်သောအရာမှာ သာသနာပြုခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ကျမ်းစာ၌ တမန်တော်တို့သည် သာသနာပြုရင်း အသက်စွန့်ခဲ့ကြသည့်အကြောင်း ဖော်ပြထားပါသည်။ သာသနာပြုခြင်းသည် မိမိတို့၏ အဓိကဘုရားပေးတာဝန်ဖြစ်ကြောင်း နှစ်ခြင်းသမိုင်းက သက်သေထူနေပါသည်။ ထို့အပြင်သာသနာပြုခြင်းသည် မိမိတို့၏ ရှောင်လွှဲ၍မရသော အလိုတော်ဖြစ်ပေသည်။ (မဿဲ ၂၈း ၁၈–၂၀)။ ထို့ကြောင့် သာသနာပြုသောအသင်းတော်များသည် အမှန်တိုးပွားကြမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွက် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ အဓိကအချက်မှာ ''ခရစ်တော်အတွက်သစ္စာရှိသော တပည့်တော်စစ်'' (မဿဲ ၁၆း၂၄) ဖြစ်သည်။ တပည့်တော်စစ်တို့၏ တာဝန်မှာ သာသနာတိုးပွားရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ အားလုံး၏ တပည့်တော်တော်စစ်ဖြစ်ခြင်းကို သာသနာအတွက် ပေးလှူခြင်းဖြင့် သက်သေပြ ကြပါစို့။

အမှုတော်မြတ်၌–



သိက္ခာတော်ရဆရာဒေါက်တာရန်ခိုပေါင်
အထွေထွေအတွင်းရေးမှူး

❁❁❁

## ယုဒသန်နေ့ဝတ်ပြုကိုးကွယ်ခြင်း
## အစီအစဉ်(နမူနာ)
## ''ခရစ်တော်အတွက်သစ္စာရှိသောတပည့်တော်စစ်''

(မဿဲ ၁၆း၂၄၊ ၂၅း၂၁၊ ၁ရာ ၁၂း၂၄၊ ယော ၄း၂၄)

**"Faithful and True Disciple for Christ"**

| | | | |
|---|---|---|---|
| ၁။ | ဝတ်ပြုရန်ဖိတ်ခေါ်ခြင်း | – | သဘာပတိ |
| ၂။ | ဆုတောင်းခြင်း | – | |
| ၃။ | ပရိသတ်သီချင်း | – | |
| ၄။ | ကြေငြာခြင်း | – | |
| ၅။ | အသင်းချုပ်အထွေထွေအတွင်းရေးမှူး၏ နှုတ်ခွန်းဆက်အမှာစကားဖတ်ကြားခြင်း (စာ–၃) | – | |
| ၆။ | နှစ်ခြင်းသာသနာလုပ်ငန်းများတင်ပြခြင်း | – | အသင်းတော်သာသနာပြုကော်မတီ |
| ၇။ | အပြန်အလှန်ဖတ်ခြင်း | – | |
| ၈။ | ဓမ္မသံစုံ | – | |
| ၉။ | သမ္မာကျမ်းစာဖတ်ခြင်းနှင့်တရားဒေသနာ | – | |
| ၁၀။ | အထူးဆုတောင်းခြင်း | – | |
| ၁၁။ | ယုဒသန်နေ့အလှူငွေကောက်ခံခြင်း | – | |
| ၁၂။ | ပရိသတ်ဓမ္မသီချင်း | – | |
| ၁၃။ | ကောင်းချီးပေးခြင်း | – | သင်းအုပ်ဆရာ |

*<u>မှတ်ချက်</u> အထက်ဖော်ပြပါ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်သည် အကြံပြုချက်မျှသာဖြစ်သည်။*





# ]]c&pawmtwu opm&aom wynawmpp}}

- ☸ အခြေပြုကျမ်းချက်– မဿဲ ၁၆း၂၄ ,၂၅း၂၁။ ၁ရာ၊၁၂း၂၄။ယော၊၄း၂၄
- ☸ ကိုးကားကျမ်းချက်– ဖိလိပ္ပို ၁း၁၉–၂၁။

နိဒါန်း

၂၀၁၅ ခုနှစ်၊ဇူလိုင်လ(၁၂)ရက်၊တနင်္ဂနွေနေ့သည် (၂၀၂) နှစ်မြောက် ယုဒသန်ဥပုသ်နေ့ (Judson Sunday) ဖြစ်ပါသည်။ အဓိက ခွန်အားယူရမည့် အကြောင်းအရာမှာ ''ခရစ်တော်အတွက် သစ္စာရှိသော တပည့်တော်စစ်'' (Faithful and True Disciple For Christ) ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်နှင့် နောက်လိုက်တပည့်တော်စစ်တို့၏ ဆက်စပ်မှုတွင် ထူးခြားသည့် *သစ္စာရှိခြင်းသည်* အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

သစ္စာရှိခြင်းဟူသည် လောက၌ တန်ဘိုးထားအပ်သော မြင့်မြတ်သည့် လူသားတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက် (သို့မဟုတ်) မရွေ့မလျော့၊ မယိမ်းမယိုင်၊ မြဲမြံတည်ကြည်သော ဆုံးဖြတ်ချက်နှင့်အညီ လက်တွေ့တုံ့ပြန်အသက်ရှင်မှုပင်ဖြစ်သည်။ လူသားတစ်ဦးအဖို့ သစ္စာရှိခြင်းသည် အသက်တာဘဝအတွက် တန်ဘိုးမဖြတ်နိုင်သော ကျင့်ဝတ်တစ်ခုပင် ဖြစ်ပါသည်။

ထို့အပြင် သစ္စာရှိခြင်းသည် ယခုဘဝအတွက် ကျင့်ဝတ်တစ်ခုဖြစ်ရုံသာမက ထာဝရကာလအတွက်ဆုလာဒ်လည်းဖြစ်ကြောင်း ဗျာဒိတ်ကျမ်း ၂း၁၀ တွင် *''သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင် အသက်သရဖူကိုငါပေးမည်''*ဟု ဘုရားသ

ခင်၏ ကတိတော် ထားရှိတော်မူခြင်းကိုလည်း တွေ့မြင်ခံစားရပေသည်။
သို့ဖြစ်ရာ ခရစ်တော်အတွက် သစ္စာရှိသော တပည့်တော်စစ် ဖြစ်ခြင်းကို အောက်ပါအချက်များအားဖြင့် ခွန်အားယူကြပါစို့။

(၁) <u>ခရစ်တော်၏ တပည့်တော်စစ်ဖြစ်ရန် လိုအပ်သည်</u>

သစ္စာတရား၊သစ္စာရှိခြင်းနှင့် ပတ်သက်လာလျှင် အခြေခံအကျဆုံး အရာသည် ခရစ်တော်၏ တပည့်တော်စစ်ဖြစ်ခြင်းပင် ဖြစ်ပါသည်။ *သစ္စာတရားနှင့် ပတ်သက်လာလျှင် မိမိအားကိုးသော ၊ ယုံကြည်သော၊ လေးစားသော ပုဂ္ဂိုလ်၏အကျိုးကို စောင့်ရှောက်ထိန်းသိမ်းခြင်းဖြစ်ရာ မိမိသစ္စာဖြင့် စောင့်ထိန်းရမည့်ပုဂ္ဂိုလ်က မိမိထက်ပင် အရေးပါလျက် အဓိကကျပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် သစ္စာရှိခြင်းသည် အမိန့်ကို နာခံခြင်းဖြစ်သောကြောင့် (သို့) ပေးထားသည့်ကတိကို စောင့်ထိန်းရခြင်းဖြစ်သောကြောင့်အမိန့် (သို့) ကတိသည် အသက်ထက် ပို၍ အရေးကြီးကြောင်း နားလည်ရပေမည်။*

သို့ဖြစ်ရာ လောက၌ လူဖြစ်စဉ်ဘဝတွင် မမှန်ကန်သော၊ မတရားသော၊အာဏာရှင်ဆန်သော၊ အစွန်းရောက်လွန်းသော အယူဝါဒ၊ လမ်းစဉ်၊ အဖွဲ့အစည်း၊ ခေါင်းဆောင်များ၏ တပည့်နောက်လိုက်အဖြစ် မခံဘဲ၊ ခရစ်တော်၏ နောက်လိုက် တပည့်တော်စစ် ဖြစ်မှသာလျှင်ဘုရားသခင်၏အလိုတော်သည် ပြည့်စုံလာမည်ဖြစ်ပါသည်။

ခရစ်တော်နောက်လိုက်သည့် တပည့်တော်အဖြစ်ခံယူရန် လိုအပ်ရသည့်အကြောင်းရင်းမှာ –

*–ခရစ်တော်သည် သူတစ်ပါးကို စေစားခြင်းငှာမလာ။ သူတစ်ပါးအစေခံခြင်းငှါငှင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်း ငှာငှင်း၊ ကြွလာခြင်း(မာကု၊၁၀း၄၅)* ဖြစ်သည်ဟု




အတိအလင်း ဖော်ပြ သကဲ့သို့ သူ့နောက်လိုက်မည့် နောက်တော်လိုက် တပည့်တော်တို့အား ခေါ်ယူရွေးကောက်ရာ၌လည်း ယေရှုက . . .

–ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ထမ်း၍ ငါ့နောက်သို့လိုက်ရမည် (မဿဲ၊ ၁၆း၂၄)ဟု တပည့်တော်စစ်အရည်အချင်း ကန့်သတ်ချက်ကိုအတိအလင်း ဖော်ပြထားပါသည်။

ခရစ်တော်၏ တပည့်တော် ယုံကြည်သူအပေါင်းတို့ . .

လောက၌ အထူးသဖြင့် မြန်မာနိုင်ငံ၌ အလိုအပ်ဆုံးခေါင်းဆောင်မှာ သခင်ယေရှုကဲ့သို့ ခေါင်းဆောင် များနှင့် သခင်ယေရှု သတ်မှတ်ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော တပည့်တော်စစ်များပင် ဖြစ်သည်ဟု ခံယူယုံကြည်ပါသည်။

ထို့ပြင် ခရစ်တော်၏ နောက်တော်လိုက်ဖြစ်ရခြင်း၏ နောက်ဆက်တွဲ အကျိုးဆက် ကတိတော်မှာ ကိုယ်တော်သည် မနေ့၊ယနေ့၊နောင်ကာလ အစဉ်မပြတ် မပြောင်းမလဲ တည်ရှိနေခြင်း(ဟေဗြဲ ၁၃း၈)၊ တပည့်တော်တို့အား ဘယ်တော့မှမစွန့်၊ အလျှင်းပစ်၍မထားခြင်းနှင့် လူသည် ငါ၌ ပြုနိုင်သမျှ ငါမကြောက်ရ (ဟေဗြဲ၊၁၃း၅–၆) ဟူသော ဘုရားသခင်၏ ကွယ်ကာမှုနှင့် မိသဟာယပြုခြင်း၊ကျေးဇူးတော်သည် အစဉ်သက် ရောက်လျှက် ခံစားနေရခြင်းကြောင့် ခရစ်တော်၏ တပည့်တော်စစ်ဖြစ်ရန် ဆက်ကပ်ကြဘို့ တိုက်တွန်းလို ပါသည်။

(၂) <u>သစ္စာရှိသော တပည့်တော်စစ်သည် ခရစ်တော်အတွက် ဘဝကို လုံးဝဆက်ကပ်အပ်နှံ အသက်ရှင်သောသူဖြစ်သည်</u>

သစ္စာရှိခြင်းသည် ယုံကြည်မှုအပေါ်၌ အခြေခံသော တုန့်ပြန်မှု ဖြစ်သည်။ ရှင်ပေါလုက ''ငါအဘယ်သူကို ယုံသည်ကို ငါသိသည်''

( ၂တိ၊ ၁း၁၂ )ဟု တိတိကျကျ ဝန်ခံထားပါသည်။ ထိုကဲ့သို့ ခိုင်မြဲသော ယုံကြည်မှုအပေါ်၌ ပြောင်းလဲခြင်းမရှိသော ကတိကိုစောင့်ထိန်းခြင်းသည် ရှင်ပေါလု၏ သစ္စာတရားပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ယုံကြည်ခြင်း ခိုင်မာမှုသာလျှင် သစ္စာမြဲနိုင်မည်ဖြစ်သည်။ ရှင်ပေါလုသည် ခိုင်မာသည့် ယုံကြည်ခြင်း၏ သက်သေကို ခံစားရရှိသောအခါ – (ဖိလိပ္ပိ ၁း၂၁)၌ ''ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ပင်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏''ဟု မိမိအသက်တာ၏ ရှင်သန်ခြင်း၊ သေဆုံးခြင်းသည် ခရစ်တော်အတွက်သာဖြစ်ကြောင်း ဝန်ခံထားသည်ကို တွေ့ရပါသည်။ ရှင်ပေါလု၏ ခရစ်တော်အပေါ်၌ ထားရှိသော သစ္စာရှိခြင်းသည် ဘဝအသက်တာတစ်ခုလုံးကို အပ်နှံခြင်းဖြစ်သည်။ စဉ်းစားစရာ အလွန်ကောင်းသည်မှာ ''ရှင်ပေါလုက''ငါ့အသက်ရှင်သည်မှာ ခရစ်တော်ပင်ဖြစ်၏''( For to me, Living means Living for Christ ) သို့သော် ယနေ့ ကျွန်ုပ်တို့အများစုအတွက်ဆောင်ပုဒ်မှာ ''သခင်ခရစ်တော် အသက်ရှင်သည်မှာ ငါ့အတွက်ပင်ဖြစ်၏''ဟု ခံယူကြပါသည်။

ရှင်ပေါလု၏ သစ္စာရှိခြင်းသည် ယုံကြည်ခြင်းအပေါ်၌ မူတည်ပါသည်။ ရှင်ပေါလုသည် သခင်ယေရှု ခရစ်တော်အား ဝေးဝေးလံလံ လိုက်ရှာပြီး ယုံကြည်နေရခြင်းမဟုတ်ဘဲ မိမိဘဝအသက်တာ၌ပင် ခရစ်တော်ကိုတွေ့ရှိပြီး ယုံကြည်လက်ခံခြင်းဖြစ်ပါသည်။ ရှင်ပေါလု ခရစ်တော်အပေါ်၌ သစ္စာရှိရခြင်း အဓိကအချက်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် သက်ဆိုင်နေပါသည်။

(က) ခရစ်တော်က အတိတ်က ပြုမိခဲ့တဲ့ အပြစ်အတွက် ခွင့်လွှတ်ခဲ့ပြီးကြောင်း( He finds foregiveness for past sin)

(ခ) လက်ရှိပစ္စုပ္ပန်အတွက် ခွန်အားကိုပေးကြောင်း ( He finds strength for present)





(ဂ) အနာဂတ်အတွက် မျှော်လင့်စရာ အာမခံချက် အပြည့်အဝရှိကြောင်း ( He finds hope for the future )

*သို့ဖြစ်ရာ ရှင်ပေါလုသည် ခရစ်တော်ကို ရှာသောအခါ၌ မိမိဘဝ၌ပင်တွေ့ရှိလိုက်ရ၍ ရှင်ပေါလုသည် မိမိ၏ဘဝ အသက်တာတစ်ခုလုံးကို ဆက်ကပ်အပ်နှံလိုက်ခြင်းပင် ဖြစ်သည်။*

ခရစ်တော်၏ တပည့်တော်စစ် ယုံကြည်သူအပေါင်းတို့. . .

ရှင်ပေါလုကဲ့သို့ ခရစ်တော်ကို အဝေး၌ရှာရန်မဟုတ်ဘဲ မိမိဘဝအသက်တာ၌ ရှာဖွေကြည့်ပါက တွေ့မြင်နိုင်ပါသည်။ သခင်ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲ ရှိသကဲ့သို့ ရှင်ပေါလုအတွက်တစ်မျိုး၊ ကျွန်ုပ်တို့အတွက်တစ်ဖုံ၊ အသွင်ပြောင်းကာ၊ မျက်နှာမလိုက်သောကြောင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့်ကရုဏာတော်အတွက် သစ္စာရှိသော တပည့်စစ်အဖြစ် ဘဝကို ဆက်ကပ်အပ်နှံကြရန် တိုက်တွန်းလိုပါသည်။

(၃) <u>သစ္စာရှိသော တပည့်တော်စစ်သည် ခရစ်တော်၏ အလိုတော်ကို ပြီးပြည့်စုံစေသည်</u>

*သခင်ယေရှုခရစ်တော်၏ အလိုတော်မှာ သူပြုခဲ့သော အမှုတော်မြတ် တည်တံ့ခိုင်မြဲရန်နှင့် ဆက်လက်ပြန့်ပွားရန်* သာဖြစ်သည်။ ထိုအမှုတော်မြတ်အတွက် ရွေးကောက်လျက် ခေါ်ယူခြင်းခံရသူတို့မှာ တပည့်တော်များပင် ဖြစ်သည်။ ထိုတပည့်တော်များအဖို့ အထူးအလေးအနက် ထားရမည့်အရာမှာ ခရစ်တော်သည် တပ်မက်စရာ၊ အခွင့်အရေးနှင့် တန်ခိုးအာဏာ၊ ပြစ်သွေးဆောင်ခြင်းမဟုတ်ဘဲ တိကျ သောအလုပ်နှင့် တာဝန်ဝတ္တရားကိုအပ်နှင်းလျက် အစေခံ

ဆောင်ရွက်စေခြင်း ဖြစ်သည်။ တပြိုင်တည်းမှာပင် ခွန်အားသတ္တိနှင့် တန်ခိုး ကိုလည်း ပေးပါသည်။ (ရှင်မဿဲ၊၂၅း၁၄–၃၀)တွင် သခင်သည်

- ❒ တိကျသော အလုပ်တာဝန်ကို အပ်နှင်းခြင်း (အခွက် ၁၀၊၂၀၊၅၀)
- ❒ ပြီးမြောက်မှုကို ပြန်လည်စစ်ဆေးခြင်း
- ❒ တိုးပွားမှုကို လိုလားခြင်း

စသော သခင်ယေရှု၏ ဥပမာတော်သည် သစ္စာရှိသော တပည့်တော်စစ်တစ်ဦး၏ ပြုမူဆောင်ရွက် တုံ့ပြန်မှုများပင် ဖြစ်ပါသည်။

နိဂုံး

သခင်ယေရှု ခရစ်တော်သည် ယနေ့တိုင်သာမက ထာဝရကာလ အသက်ရှင်နေသည့် ထာဝရဘုရား သခင်ဖြစ်သောကြောင့် သူ၏ အမှုတော်မြတ်အတွက် ကာလအစဉ် ရွေးကောက်ခေါ်ယူနေမည်သာ ဖြစ်သည်။ အရေးကြီးသည်မှာ တပည့်တော်စစ်မှန်ဘို့ သစ္စာရှိကြရန်သာ ဖြစ်သည်။ ရှင်ပေါလုသည် ခရစ်တော်အတွက် စစ်မှန်သော တပည့်တော်စစ်၊ တမန်တော်စစ် ဖြစ်သကဲ့သို့ ဆရာကြီးယုဒသန်သည်လည်း ခရစ်တော်အတွက် တပည့်တော်စစ်၊ တမန်တော်စစ်တစ်ဦး ဖြစ်ခဲ့ပါသည်။ ရှင်ပေါလုက ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ပင် ဖြစ်၏ဟု ဆိုခဲ့သလို ဆရာကြီးယုဒသန်ကလည်း ခရစ်တော်အတွက်သာ မဟုတ်ခဲ့ရင်ဟု အံ့ကြိတ်ကာ သူနှင့်သူ့မိသားစု တစ်ခုလုံး ဆက်ကပ်အပ်နှံပေးဆပ်ခဲ့ပေသည်။ လက်ရှိအချိန်တွင် အသက်ရှင်လျက်ရှိနေသော ကျွန်ုပ်တို့အလှည့် ရောက်လာပြီဖြစ်သောကြောင့် ခရစ်တော်အတွက် သစ္စာရှိသော တပည့်တော်စစ်များ ဖြစ်ကြပါစို့။ ဆရာကြီး ပါမောက္ခဒေါက်တာ စောလှိုင်ဘွား၏ အောက်ပါစာတမ်းဖြင့် နိဂုံးချုပ်အပ်ပါသည်။

*" ယေရှုရှုလင်ဆိုသည်မှာ ဖာရိရှဲ ကျမ်းတတ်ပုဂ္ဂိုလ်များ၏ အခိုင်အမာ အဆောက်အအုံ၊ လောကီအာဏာစက်၏ အလယ်ဗဟို၊တရားစီရင်မည့်*





*သူများ စောင့်ဆိုင်းရာနေရာ၊ အငြိုးကြီးလှသော အမုန်းတရား၏ ဌာနချုပ်ပင်ဖြစ်သည်။ သို့ဖြစ်သည့်တိုင် ထိုလမ်းပေါ်၌ အကယ်စင်စစ် ရှိနေသူသည် ကြောက်ရွံ့တုန်လှုပ်မည် မဟုတ်ပါ။ အကြောင်းမူကား၊ ထိုတပည့်တော်စစ်၏ ဆက်ကပ်မှုသည် သဘောတရားတစ်ခု၊ အတွေးအခေါ်တစ်ရပ်အပေါ်၌မတည်။ စနစ်တစ်ခု (သို့) အဖွဲ့အစည်း တစ်ရပ်အတွက် ဆက်ကပ်နေခြင်းမဟုတ်။ "ခရစ်တော်"တည်းဟူသော သခင်တစ်ပါး၏ အပေါ်၌သာ လုံးဝတည်နေသောကြောင့်ပင် ဖြစ်သည်။*

သိက္ခာတော်ရဆရာ မန်းစံသိန်းထွန်း
ဘဏ္ဍာထိန်း

☸ ☸ ☸

# သမ္မာကျမ်းစာလေ့လာခြင်း

]]opm&aomwynawmpp}}

ကျမ်းညွှန်း– (၁ရာ၊ ၁၂း၂၄။ ဆာ ၃၇း၃–၆။ သုတ္တံ ၃း၃–၅။ မဿဲ ၁၆း၂၄၊ ၂၅း၂၁၊ ယော ၄း၂၄)

နိဒါန်း

ကနဦးအသင်းတော် အသင်းတော်ခေတ် အချိန်ကာလမှစ၍ ခရစ်တော်နောက် လိုက်ခဲ့သောသူများကို ခရစ်တော်၏တပည့်များ ဟူ၍ ခေါ်ဝေါ်ကြသည်။ လူသားများ အပြစ်တရားမှ ကယ်တင်ခြင်းရရှိဖို့ရန် အတွက် ပေးဆပ်ခဲ့သောခရစ်တော်၏ အသေခံခြင်းနှင့် ၃ ရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ခြင်း အကြောင်းအရာကို လက်ခံယုံကြည်သောသူများလည်း ခရစ်တော်၏တပည့်များ၊ ခရစ်ယာန်များဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ကြောင့်ခရစ်ယာန်ယုံကြည်သူများအားလုံးသည် ခရစ်တော်

၏တပည့်များ ဖြစ်ကြပါသည်။ ကျွန်များသည် သခင်၏ စကားကိုနားထောင်၍ သခင်စေခိုင်းသမျှ အရာအားလုံးကို လုပ်ဆောင်ရပါသည်။ ထိုနည်းတူ တပည့်များ အားလုံးသည်လည်း မိမိဆရာ၏ သင်ကြားမှုများကို သေချာလေ့လာမှတ်သားသင်ယူရပါသည်။ ဆရာ၏ ဆိုဆုံးမမှုများကိုနာခံ၍ လိုက်နာကျင့်သုံးရပါသည်။ ဤကဲ့သို့ သင်ကြားခံယူ၍ နားထောင်မှုကို ပြုသောတပည့်များသာလျှင်ဆရာအတွက် တပည့်စစ်ဖြစ်ကြပါသည်။

ထို့ကြောင့်ခရစ်တော်၏ တပည့်စစ်ဖြစ်ကြသော ကျွန်ုပ်တို့ယုံကြည်သူ အားလုံးသည် ခရစ်တော်အတွက် သစ္စာရှိသောတပည့်တော်စစ်များဖြစ်ဖို့ရန် လိုအပ်ပါသည်။ သစ္စာရှိသော တပည့်တော်စစ်များဖြစ်ဖို့ရန် အဘယ်ကဲ့သို့ အသက်ရှင်နေထိုင်ရမည်နည်း။ သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသော ကျမ်းပိုဒ်တချို့မှ သစ္စာရှိသောတပည့်တော် အကြောင်းကိုလေ့လာတင်ပြသွားပါမည်။

သစ္စာရှိသောတပည့်တော်စစ်ဟူသည်မှာ. . .

(၁)<u>ဘုရားသခင်အားကြောက်ရွံ့၍သစ္စာနှင့်ဝတ်ပြုကိုးကွယ်ခြင်း</u>

ဘုရားသခင်သည် သစ္စာရှိသောဘုရားဖြစ်သောကြောင့် သူ့အားယုံကြည်ကိုးကွယ်ကြသော သူများသည်လည်း သူ့အပေါ်တွင် သစ္စာရှိသောသူများဖြစ်ရပါမည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်အပေါ်တွင် အကြိမ်ကြိမ်အခါခါ ပြစ်မှားသော်လည်း ဘုရားသခင်သည် သူ၏လူမျိုးတော်အား အဘယ်အခါမျှ စွန့်ပစ်၍မထား စိတ်သဘောထားပြောင်းလဲခြင်းမရှိဘဲ ချစ်မြဲချစ်လျက်ပင်၊ အစဉ်အမြဲကူညီမစလျက်ကောင်းကြီးမင်္ဂလာများ ပေးလျက်ပင်၊ သစ္စာတရားနှင့် ပြည့်စုံသောဘုရားဖြစ်သည်။(၁ရာ၊၁၂း၂၂)ရှမွေလ၏ အချိန်ကာလတွင် ဣသရေလလူမျိုးတို့သည် တပါးအမျိုးသားတို့၏ ကြီးထွားခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်





ခြင်းတို့ကို အားကျ၍ သူတို့ကိုအုပ်ချုပ်ရန် ဘုရင်တစ်ပါး ခန့်အပ်ပေးရန်တောင်းဆိုကြသည်။(၁ရာ၊ ၈း၅ခ)၎င်းအပြင် အခြားဘုရားတည်း ဟူသောဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ကိုးကွယ်ကြသည်။(၁ရာ၊ ၇း၃) ဣသရေလလူမျိုးတို့၏ လုပ်ဆောင်ချက်များသည် ရှင်ဘုရင်စနစ်ကိုရွေးချယ်မှုက အမှားဖြစ်ခဲ့သည့်နည်းတူ ဘုရားသခင်၏ အုပ်ချုပ်လမ်းပြမှုကို ဖီဆန်ခြင်း၊ လမ်းလွဲခြင်းဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်များသည်ဒုစရိုက်အမှုကိုပြု၍ တပ်မက်စရာများ နောက်သို့လိုက်ခြင်းဖြင့် ဘုရားသခင်အပေါ်သစ္စာမဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရှမွေလက ''ထာဝရဘုရားကိုကြောက်ရွံ့၍ သစ္စာနှင့်တကွ စိတ်နှလုံးအကြွင်းမဲ့ဝတ်ပြုကြလော့။ သင်တို့အဖို့ အဘယ်မျှလောက်ပြုတော်မူပြီးသည်ကို အောက်မေ့ကြ လော့'' (၁ရာ၊ ၁၂း၂၄)ဟု တင်းကြပ်စွာ ဆုံးမထားပါသည်။ မကောင်း သော အကျင့်စရိုက်များကိုဖယ်ရှားပြီး ဘုရားသခင်ကိုသာ ဦးထိပ်ထား၍ အသက်ရှင် နေထိုင်ခြင်းသည်သာ ဘုရားသခင်အပေါ် သစ္စာရှိခြင်း ဖြစ်သည်။

တဖန်သားတော်ယေရှုခရစ်တော်၏ သင်ကြားခြင်းတွင်လည်း စိတ်နှလုံးထဲ၌ဘုရားသခင်ရှိဖို့ရန်နှင့် ဘုရားသခင်အား သစ္စာနှင့်ဝတ်ပြုကိုးကွယ်ဖို့ရန်အရေးကြီးကြောင်း ဖော်ပြထားသည်။ ယေရှုခရစ်တော်၏ ခေတ်အချိန်ကာလတွင် ယုဒလူမျိုးတို့၏ လူမျိုးရေးနှင့် အဆင့်အတန်းခွဲခြားမှုတို့ကြောင့် ရှမာရိလူမျိုးတို့သည်ယေရုရှလင်မြို့၌ ဝတ်ပြုကိုးကွယ်ခွင့်မရဘဲ ဂေရဇိန်တောင်၌သာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြရသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ရှမာရိအမျိုးသမီး မေးမြန်းသောအခါ ယေရှုခရစ်တော်က ဝတ်ပြုကိုးကွယ်ရာ နေရာဒေသသည် အရေးမကြီးကြောင်း၊ ဘုရားသခင်ကို နာမ်ဝိညာဉ်နှင့် သစ္စာနှင့် ကိုးကွယ်ခြင်းသည်သာ အရေးကြီးကြောင်း မိန့်တော်မူခဲ့ပါသည်။(ယော ၄း၁၉–၂၅)

(၂)<u>ဘုရားသခင်အားစိတ်နှလုံးအကြွင်းမဲ့ကိုးစားခြင်း</u>

''ဂရုဏာတရားနှင့်သစ္စာတရားကို သင်နှင့်မကွာစေနှင့်... ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်''(သုတ္တံ ၃း၃–၆)။

သုတ္တံစာရေးဆရာက ဘုရားသခင်အပေါ်တွင် သစ္စာရှိလျက် စိတ်နှလုံးအကြွင်းမဲ့ကိုးစားရမည့်အကြောင်း ဖော်ပြထားသည်။ ဣသရေလလူမျိုးများက ဘုရားသခင်ကိုယ်တိုင် သူတို့အား တိုက်ရိုက်အုပ်ချုပ်ခြင်းအား မလိုလားဘဲ လူတစ်ဦးက ဘုရင်ကဲ့သို့ အုပ်ချုပ်ရန် တောင်းဆို ခဲ့သည်။ လူသားဘုရင်ကသာ သူတို့အတွက် ရန်သူများကို တိုက်ထုတ်ပေးနိုင်မည်။ ကြီးပွားအောင် လုပ်ပေးနိုင်မည်ဟုအထင်မှတ်မှားခဲ့ကြသည်။ သူတို့တောင်းဆိုခဲ့သော ဘုရင်သည် သူတို့အတွက် မည်သည့်အရာမှ လုပ်ဆောင်ပေးနိုင်ခြင်းမရှိခဲ့ပေ။ ဒုက္ခရောက်အောင်ပင် ပြုလုပ်ခဲ့သည်။ ရှင်ဘုရင်ကိုယ်တိုင် ဘုရားသခင်ထားတော်မူသော ပညတ်တရားများကို မစောင့်ရှောက်၊ မှာထားတော်မူသမျှကို နာခံခြင်းမရှိခဲ့ပေ။ (၁ ရာ၊၁၃း၁–၁၄)

သစ္စာမဲ့မှုကြောင့် ဆုံးရှုံးမှုများ၊ အပြစ်ဒဏ်ခတ်ခြင်းများကို တွေ့ကြုံခံစားရသောအခါမှသာ ဒုစရိုက်အပြစ်ကိုပြုမိပြီ ဖြစ်ကြောင်း၊ ဘုရားသခင်အပေါ် သစ္စာမဲ့ခဲ့ပြီဖြစ်ကြောင်း နောင်တရ၍ တောင်းပန်ကြသည်(၁ရာ၊ ၁၂း၁၈–၁၉)။ ထိုအခါ ရှမွေလက''မစိုးရိမ်ကြနှင့်၊ ဤဒုစရိုက်အပေါင်းကို ပြုမိသော်လည်း ထာဝရဘုရား နောက်သို့လိုက်ရာမှ မလွဲကြနှင့်၊ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဝတ်ပြုကြလော့၊ ကျေးဇူးမပြု မကယ်တင်နိုင်၊ အချည်းအနှီးဖြစ်သောအရာတို့ကို နောက်သို့ လမ်းလွဲ၍ မလိုက်ကြနှင့်၊ ထိုသို့သောအရာသည် အချည်းနှီးသက်သက်ဖြစ်၏ (၁ ရာ ၁၂း၂၀–၂၁) ဟု တိုက်တွန်းပြောဆိုခဲ့သည်။ ဆာလံဆရာကလည်း ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိပြီး မိမိအမှုအရာရှိသမျှကို ထာဝရဘုရားသခင်ထံ၌ အပ်နှံရန်၊ ထာဝရဘုရားကိုသာ ကိုးစားရန် ဖော်ပြထားပါသည် (ဆာလံ





၃၇း၅)။ ထို့ကြောင့် တန်ခိုးအာဏာ၊ လောကီစည်းစိမ်၊ လူတို့အပေါ်တွင် အားကိုးခိုလှုံခြင်းမပြုဘဲ ဘုရားသခင်ကိုသာ စိတ်နှလုံး အကြွင်းမဲ့ ကိုးစားသောသူသာလျှင် သစ္စာရှိသော တပည့်တော်စစ်စစ် ဖြစ်ပေမည်။

(၃)<u>ဘုရားသခင်၏သမ္မာတရား၌တည်ခြင်း</u>

ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏သမ္မာတရား၌ မတည်ဘဲ ဘေးပတ်ဝန်းကျင်ရှိ တိုင်းနိုင်ငံများ၏ ဂယက်ရိုက်မှုပေါ် မူတည်၍၊ အမျိုးမျိုးပြောင်းလဲ၍ အသက်ရှင်နေထိုင်ကြသည်။ အခြားသော ဘုရားကို ကိုးကွယ်ကြသည်။ ထို့ကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့ရ၍ ပျက်စီးခြင်းသို့ရောက် ခဲ့ကြရသည်။ ဘုရားသခင်၏သမ္မာတရား၌ မတည်ခြင်းသည် ဘုရားသခင်၏ စကားကိုနားမထောင်ခြင်း၊ ဖီဆန်ခြင်း၊ ဂတိတော်များကို ချိုးဖောက်ခြင်း၊ ဘုရားသခင်အပေါ်သစ္စာမဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် ရှမွေလက ဣသရေလလူမျိုးတို့အား လမ်းလွဲနေရာမှ ဘုရားသခင်အဖို့ စိတ်နှလုံးကိုပြင်ဆင်လျက် ဘုရားသခင်ထံသို့ ပြန်လာ၍ ဘုရားသခင်၏ သမ္မာတရား၌ တည်လျှင်ဘုရားသခင်ထံမှ ကယ်တင်ခြင်းဆုကျေးဇူးကို ရရှိမည့် အကြောင်း ဆုံးမသြဝါဒ ပေးလေသည်။

ထို့နည်းတူ ယေရှုခရစ်တော်သည် ဧဝံဂေလိတရားကိုဟောပြောသောအခါ ''သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည်သင်တို့ကို လွတ်ကြလိမ့်မည်ဟု ယုဒလူတို့အား မိန့်တော်မူ၏ (ယော ၈း၃၁–၃၂)။ ယေရှုခရစ်တော်ဟောကြားသော ဧဝံဂေလိတရားကို လက်ခံယုံကြည်၍ သင်ကြားပေးသော သမ္မာတရားကိုလိုက်လျှောက်ကျင့်သုံးမှသာလျှင် သစ္စာရှိသောတပည့်တော်စစ်တစ်ဦးဖြစ်နိုင်ပါသည်။ သမ္မာတရား၌ တည်သောသူသည်သမ္မာတရားအတိုင်းသာ အသက်ရှင်နေထိုင်ရပါမည်။

တမန်တော်ရှင်ပေါလုက သမ္မာတရား၌တည်သောသူသည်

ဝိညာဉ်ပကတိ၏ အကျိုးအတိုင်း အသက်ရှင်ရမည်ဟု သွန်သင်ထားပါသည်။ ဝိညာဉ်ပကတိအကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း (ဂလာတိ ၅း၂၂–၂၃)။ ဝိညာဉ်ပကတိအတိုင်း အသက်ရှင်နေထိုင်သူသာလျှင် သစ္စာရှိသော တပည့်တော်စစ်များဖြစ်နိုင်ပါသည်။

(၄)ဘုရားသခင်ပြုတော်မူသောကျေးဇူးတော်များအား အောက်မေ့ခြင်း

ရှမွေလ၏ သတိပေးဆုံးမစကားတွင် ''သင်တို့အဖို့ အဘယ်မျှလောက်ပြုတော်မူပြီးသည်ကို အောက်မေ့ကြလော့'' (၁ရာ၊၁၂း၂၄ ခ)ဟု ထည့်သွင်း ပြောဆိုခဲ့သည်။ ဘိုးဘေးတို့အား ကျွန်ခံရာနေရာ အဲဂုတ္တုပြည်မှကယ်တင်ခဲ့ခြင်း၊ ဘုရားသခင်အား မေ့လျော့သောကြောင့် သူတစ်ပါး၏ တိုက်ခိုက်ခြင်းကို ခံရ၍ စစ်ရှုံးခြင်းများတွေ့ကြုံရသောအခါ ဘုရားသခင်သည် စွန့်တော်မမူဘဲသူ၏ လူမျိုးတော်အဖြစ် ပြန်လည်လက်ခံခြင်း (၁ရာ၊၁၂း၆–၁၂) စသည့်ဘုရားသခင်သည် သူ၏လူမျိုးတော်အတွက် ကြီးသော အမှုများကို ပြုလုပ်ပေးခဲ့ကြောင်းကို အမြဲတမ်း ပြန်လည် အောက်မေ့ သတိရကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ပြန်လည် အောက်မေ့ သတိရခြင်းသည် ဣသရေလလူမျိုးတို့အား ဘုရားသခင်၏ လူတို့အပေါ်တွင် ထားသော သစ္စာရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ ချစ်ခြင်းမေတ္တာများကို တွေ့မြင်စေပါသည်။ ဤအရာများကို ပြန်လည်တွေ့မြင်ရခြင်းဖြင့် ဘုရားသခင် အပေါ် ကြောက်ရွံ့ခြင်း၊ စိတ်နှလုံးအကြွင်းမဲ့ကိုးစားခြင်း၊ သစ္စာရှိခြင်းများကို ပြန်လည်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့အဖို့ အဘယ်မျှလောက်ပြုတော်မူပြီးသည်ကို အောက်မေ့သတိရခြင်းမရှိပါက ဒုစရိုက်များကို ပြုလျက်ပျက်စီးခြင်းသို့ ရောက်ရှိနိုင်ပြီး ဘုရားသခင်နှင့် ပို၍ဝေးကွာနိုင်ပါသည် (၁ရာ၊၁၂း၂၅)။ ဘုရားသခင်နှင့်





ဝေးကွာခြင်းမရှိစေရန် ဘုရားသခင် ပြုတော်မူသော ဂရုဏာတော်နှင့် သစ္စာတော်ကို အောက်မေ့၍ကယ်တင်တော်မူခြင်း ကျေးဇူးတရားအတွက် ထာဝရဘုရားအား ကြွေးကြော်၍ ရွှင်လန်းစွာချီးမွမ်းကြရမည်ဖြစ်သည်။ (ဆာ ၉၁း၃–၄)။

(၅)ဘုရားပေးတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်း

ဘုရားသခင်သည် လူသားတို့အား သူ၏ပုံသဏ္ဍာန်တော်နှင့် အညီဖန်ဆင်းထားပါသည်။ (ကမ္ဘာ၊၂း ၂၇ က) လူသားတို့သည် တန်ဖိုးရှိသော ပုံသဏ္ဍာန်နှင့် အသက်တာကို ပိုင်ဆိုင်ထားကြသူများ ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းထားသော အရာများအားလုံးကို အုပ်စိုး၍ ထိန်းသိမ်း၊ စောင့်ရှောက်ရန် တာဝန်များကိုလည်း ပေးအပ်ထားပါသည်။ ထို့ကြောင့် ဘုရားသခင်၏ သားသမီးတစ်ဦးစီတိုင်းတို့သည် မိမိတို့၌ ပေးအပ်ထားသော တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ဖို့ရန်အတွက် ပေးဆပ်လုပ်ဆောင်ဖို့ရန် အရေးကြီးပါသည်။ ဓမ္မဟောင်းခေတ် အချိန်ကာလက ဘုရားသခင်၏ အမှုတော်မြတ်လုပ်ငန်းများ အားလုံးတွင် လူအမျိုးမျိုးတို့ကို ရွေးကောက်၍ ပရောဖက်အရာ၌ခန့်ထားပြီး အသုံးပြုစေခိုင်းခဲ့ပါသည်။ ပရောဖက်များအားဖြင့်လည်း ဣသရေလ လူတို့အား နောင်တရစေပြီး ကယ်တင်ခြင်းအမှုကို ပြုခဲ့သည်။

ဓမ္မသစ်ခေတ်အချိန်ကာလတွင် ဘုရားသခင်သည် ကယ်တင်ခြင်း တရားကို လူသားတို့အားပေးဖို့ရန် တစ်ပါးတည်းသော သားတော် ယေရှုခရစ်တော်ကို အသေခံဖို့ရန် ဤလောကသို့ စေလွှတ်ခဲ့ပါသည်။ ယေရှုခရစ်တော် ထမ်းဆောင်ရသော တာဝန်သည် ခါးသီး၍ ပြင်းထန်လွန်းလှသောကြောင့် ဤခွက်သည် အကျွန်ုပ်ကို လွန်သွားစေနိုင်လျှင် လွန်သွားပါစေသော ဟုပင်တောင်းဆိုခဲ့သည်။ သို့သော်လည်း သူ၏ အလိုဆန္ဒအတိုင်း မဟုတ်ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း ဆောင်ရွက်

ပါမည်ဟု ဆုတောင်းခဲ့သည်။ (မဿဲ၊၂၆း၃၉–၄၂) နောက်ဆုံး ဖမ်းဆီးခြင်းကို ခံပြီး ကားတိုင်ထက်မှာ အသေသတ်ခြင်းကို ခံခဲ့သည်။ သစ္စာရှိစွာဖြင့် အသက်ဆုံးသည့်တိုင် ဘုရားသခင်၏ အလိုတော်အတိုင်း ဘုရားပေးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

တပည့်တော်များကိုလည်း ယေရှုခရစ်တော်က ''ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကားတိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်'' ( မဿဲ၊၁၆း၂၄) ဟုသွန်သင်ခဲ့ပါသည်။ ယေရှုခရစ်၏ တပည့်ဖြစ်လိုသောသူများသည် သခင်ယေရှုခရစ်လုပ်ဆောင်သကဲ့သို့ ဘုရားပေးတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရပါမည်။

ဘုရားပေးတာဝန်များသည် ကြီးလေးလှပေသည်။ ခက်ခဲ၍ကြမ်းတမ်းလှသည်။ ပင်ပန်း၍ ခါးသီးလှသည်။ ခရစ်တော်နည်းတူ တာဝန်ထမ်းဆောင်နိုင်ရန် တစ်ဦးစီတိုင်းတို့အား မတူညီသောလုပ် ဆောင်နိုင်မှုစွမ်းအား၊ ခွန်အားများကို ပေးထားပြီးဖြစ်သည်။ မည်သို့ပင် ကြီးလေး၍ခက်ခဲ ကြမ်းတမ်း၍ ခါးသီးလှသည်ဖြစ်ပါစေ ခရစ်တော်ကဲ့သို့ ပြီးဆုံးသည့်(ပန်းတိုင်)ရောက်သည့်တိုင်အောင် ဘုရားပေးခွန်အားနှင့် လုပ်ဆောင်သူမှသာ သစ္စာရှိသော တပည့်တော်စစ်များဖြစ်နိုင်ကြပေမည်။ (မဿဲ ၂၅း၂၁)

နိဂုံး

ယုံကြည်သူများအားလုံးသည် ယေရှုခရစ်တော်၏ တပည့်တော်များဖြစ်ကြပါသည်။ တပည့်တော်ဖြစ်သည်ဆိုရာ၌ အတုအယောင် မဟုတ်ဘဲ ''သစ္စာရှိသောတပည့်တော်စစ်'' ဖြစ်ကြရပါမည်။ သစ္စာရှိသော တပည့်တော်စစ်များ ဖြစ်ကြဖို့ရန် ဘုရားသခင်အလိုတော်မရှိသော အသက်တာဖြစ်သည့် တန်ခိုးအာဏာကိုမှီခိုအားထားခြင်း၊ အတ္တကြီးခြင်း၊ စည်းစိမ်ဥစ္စာပေါ်တွင်ယစ်မူးခြင်း၊ ဘုရားသခင်ဝတ်၌မွေ့လျော်မှုမရှိခြင်း၊ မိမိတို့၏





လိုချင်တပ်မက်မှုနောက်သို့လိုက်ခြင်း၊ မကောင်းသော ဒုစရိုက်များ၌ကျင်လည်နေခြင်းများကို ဖယ်ရှားရှောင်ရှား၍ ဘုရားဝတ်၌မွေ့လျော်၍အသက်ရှင်နေထိုင်ခြင်းဖြင့် ဘုရားသခင်အပေါ်သစ္စာရှိရပါမည်။ထို့ကြောင့် နေ့စဉ်အသက်တာတွင် ဘုရားသခင်အားကြောက်ရွံ့၍ သစ္စာနှင့်ဝတ်ပြုကိုးကွယ်ရပါမည်။ ပြုလေသမျှ၊လုပ်ဆောင်လေသမျှတို့၌ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့အားကိုးခိုလှုံရပါမည်။

နေ့စဉ်အသက်ရှင်နေထိုင်ရာတွင် ဘုရားသခင်၏သမ္မာတရား၌တည်၍ သမ္မာတရားအတိုင်း လိုက်လျှောက် နေထိုင်ရပါမည်။ နေ့စဉ်နေ့တိုင်း ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။ လောက၌ အသက်ရှင်နေထိုင်စဉ် ဘုရားသခင်ပေးထားသော အစွမ်းအစများနှင့် ဘုရားပေးတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရပါမည်။

ဤသို့အသက်ရှင်နေထိုင်ခြင်းအားဖြင့် ယုံကြည်သူများအားလုံး မိမိတို့ အသက်တာအသီးသီးကို မိမိတို့၏ ဘေးပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်း၊ မိမိတို့၏အသင်းတော်၊ မိသားစုများအတွက် ဆက်ကပ်အစေခံလျက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသော သစ္စာရှိသော တပည့်တော်စစ်များအဖြစ် လက်တွေ့အသက်ရှင်နေထိုင်ကြပါစို့။

ဆရာမဒေါ်ကေသီထွေး (ဓမ္မကထိက)
(မြန်မာနိုင်ငံဓမ္မတက္ကသိုလ်)

❁❁❁

# ယုဒသန်နေ့အကြို

## တစ်ပတ်တာဆင်ခြင်အောက်မေ့ရန်

## ကျမ်းပိုဒ်များနှင့် ဆုတောင်းချက်များ။

*ဇူလိုင်လ(၆)၊ ၂၀၁၅ (တနင်္လာနေ့) ...*

- ❑ ဆင်ခြင်ရန် – မိမိကိုယ်ကို ငြင်းပယ်၍ ကားတိုင်ထမ်းပြီး သစ္စာရှိစွာနောက်တော်သို့ လိုက်ရန်။

(၁) <u>*မိမိအလိုဆန္ဒနှင့် မိမိကိုယ်ကိုငြင်းပယ်ခြင်း(မဿဲ၊ ၁၆း၂၄)*</u>
မိမိအသက်တာထဲတွင် သခင်ဘုရား၏ကွပ်ကဲမှုကို အပြည့်အဝခံယူခြင်းဖြင့်၊ မိမိ၏အလိုဆန္ဒများကို၊ ကွယ်ပျောက်သွားစေပြီး၊ ဘုရားအလိုတော်အတိုင်း အသက်ရှင်တတ်လာစေသည်။

(၂) <u>*သစ္စာရှိစွာဖြင့်အဆုံးတိုင်အောင် နောက်တော်သို့လိုက်ခြင်း (၁သက်၊ ၅း၂၄)*</u>
ယုံကြည်သူများသည် ခရစ်တော်အတွက် အရာရာတိုင်းတွင် သစ္စာရှိစွာအသက်ရှင်ခြင်းဖြင့် အဆုံးတိုင်အောင် လိုက်လျှောက်အသက်ရှင်သူများဖြစ်ရန် အထူးသဖြင့် လိုအပ်ပေသည်။

- ❑ ဆုတောင်းရန်

(၁) ရှုပ်ထွေးသောခေတ်ကာလ၊ ရွေးချယ်စရာပေါ်များလွန်းသည့် ခေတ်ကာလကြီးထဲတွင် မှန်ကန်သော အသက်ရှင်ခြင်း၊ သစ္စာရှိသော အသက်တာဖြင့် အသက်ရှင်တတ်ရန်။

(၂) မိမိတို့၏ စိတ်ကူး၊ အလိုဆန္ဒ၊ မိမိတို့ဖြစ်ချင်သောအရာများထက် ဘုရားသခင်၏ အလိုတော်အတိုင်း ဝန်ခံရန်။





*ဇူလိုင်လ(၇)၊ ၂၀၁၅ (အင်္ဂါနေ့)*

- ❑ ဆင်ခြင်ရန် – သစ္စာရှိစွာဖြင့်နေထိုင်အသက်ရှင်ရန် ဘုရားသခင်အလိုတော်ရှိသည်။

(၁) <u>*သစ္စာစောင့်သိခြင်း(၁ကော၊ ၄း၂)*</u>
ယုံကြည်သူများသည် ယဇ်ပုရောဟိတ်ဖြစ်သည်ဟု ဆိုသည့်အတိုင်း ၄င်းယုံကြည်သူတိုင်းသည် အသက်ရှင်နေထိုင်၊ သွားလာ၊ လုပ်ကိုင်သည့်အပေါ်၌ ဘုရားသခင်၏အမှုတော်မြတ်ကို ဆောင်ရွက်သကဲ့သို့ သစ္စာရှိစွာဖြင့် လုပ်ကိုင်ရန်၊ အသက်ရှင်ရန် လိုအပ်ပေသည်။

(၂) <u>*သစ္စာရှိစွာဆက်ကပ်ခြင်း(မဿဲ၊ ၂၅း၂၀)*</u>
မိမိ၌အပ်ထားသော သေးငယ်သောအမှုမှအစ၊ အမှုကိစ္စ အကြီးဆုံးအထိ တန်ဘိုးတန်းတူထားရှိပြီး၊ အလေးအမြတ်တန်ဘိုးထား၍ ဆက်ကပ်ခြင်းဖြင့် ဘုရားသခင်နှင့်အတူ စည်းစိမ်ဝင်စား နိုင်သူများဖြစ်လာပေမည်။

- ❑ ဆုတောင်းရန်

(၁) ယုံကြည်သူတိုင်း၏ အသက်တာတိုင်းသည် ဝန်းကျင်အလယ်တွင် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ဟပ်ပေါ်လွင်စေသော အသက်တာများဖြစ်စေရန်။

(၂) အရာရာတိုင်း၌ သာဓုသစ္စာရှိသော ယယ်သားကောင်းအဖြစ် ဘုရားသခင်ရှေ့၊ လူတို့ရှေ့တွင် အသရေရှိစွာ အသက်ရှင်နိုင်ရန်။

*ဇူလိုင်လ(၈)၊ ၂၀၁၅ (ဗုဒ္ဓဟူးနေ့)*

- ❑ ဆင်ခြင်ရန် – သစ္စာတရားနှင့် ထာဝရဘုရားထံပါး ကိုးကွယ်ဝတ်ပြုခြင်း

(၁) <u>*သစ္စာရှိသောဝတ်ပြုကိုးကွယ်သူများဖြစ်ရန်(ယော၊ ၄း၂၄)*</u>

ဘုရားသခင်သည် နံ့ဝိညာဉ်ဘုရားဖြစ်တော်မူသောကြောင့် အရာခပ်သိမ်းကိုသိခြင်း၊ နေရာတိုင်းတွင်တည်ရှိခြင်း စသည့်တန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားဖြစ်သည်။ ထို့ကြောင့်ဘုရားသခင်ထံ ချဉ်းကပ်တိုးဝင်သည့်အခါ  အတုအယောင်၊ အပေါ်ယံအားဖြင့် မဟုတ်ဘဲ၊ ကြေမွသောနှလုံးသားဖြင့်လည်းကောင်း၊ သစ္စာရှိသောနှလုံးသားဖြင့်လည်းကောင်း  တိုးဝင်ချဉ်းကပ်ရန်ဖြစ်သည်။

(၂) *<u>ထာဝရဘုရားကိုကြောက်ရွံ့၍ သစ္စာနှင့်ဝတ်ပြုခြင်း (၁ရာ၊၁၂း၂၄)</u>*

ထာဝရဘုရားထံမှ လမ်းလွဲသောသူများ၊ သစ္စာဖောက်သောသူများကို၊ဘုရားသခင်သည် ဆုံးမတော်မူခြင်းနှင့် အဆုံးစွန်သော မေတ္တာတော်အားဖြင့်သူထံသို့ပြန်လာရန်  သွန်သင်တော်မူပါသည်။

❑ ဆုတောင်းရန်

(၁) မတည်မြဲသော လောကီရေးရာ ကိစ္စအဝဝထက် ထာဝရတည်မြဲသော၊ ထာဝရအသက်ရှင်တော်မူသော နိစ္စထာဝရဘုရားသခင်နှင့် နေ့စဉ်သွားလာ၊ ဆက်သွယ်ပြီး အသက်ရှင်ရန်။

(၂) အမှန်နောင်တရသောစိတ်နှင့် ဝန်ခံပြီး၊ ဘုရာဝတ်၌မွေ့လျော်ကာ၊ ဘုရားသခင်၏ ဆုံးမတော်မူခြင်းကို နေ့စဉ်ခံယူတည်ဆောက်အသက်ရှင်တတ်ရန်။

*ဇူလိုင်လ(၉)၊  ၂၀၁၅ (ကြာသပတေးနေ့)*

❑ ဆင်ခြင်ရန် – လူဆိုးတို့ကိုရှောင်ဖယ်၍ ကောင်းသောအကျင့်၌ကျင့်ခြင်း

(၁) *<u>ဖြောင့်မတ်ခြင်းအလင်းထွန်းလင်းရန်(ဆာလံ  ၃၇း၁–၆)</u>*

ယနေ့ယုံကြည်သူများ ထာဝရဘုရားထံ ခိုလှုံကိုးစားပြီး ကောင်းသောအကျင့်ကိုကျင့်၍ ဖြောင့်မတ်ခြင်း၏ တရားနေမင်းဖြစ်သော





ဘုရားသခင်၏ဘုန်းကို  ဤလောကထဲတွင်  ထွန်းလင်းစေရန်။

(၂) လူမိုက်တို့၏ အကျင့်နှင့် ဘုန်းအသရေ (သုတ္တံ ၃း၃၅၊ ဆာလံ၊၃၇း၁–၂)လူဆိုး၊ လူမိုက်၊ မိုက်သောသူတို့သည်မြက်ပင်ကဲ့သို့ရိတ်ခြင်းကိုခံရပြီး၊ စိမ်းသောပျိုးပင်ညှိုးနွမ်းသကဲ့သို့ အရှက်ကွဲခြင်းကိုသာ ခံစားရလိမ့်မည်။

❑ ဆုတောင်းရန်

(၁) လုံခြုံအေးမြသော ဘုရားသခင်၏ အကွယ်အကာအောက်တွင်နေရခြင်းကိုသာ နှစ်သက်ခုံမင်သော အသက်တာဖြင့်အသက်ရှင်ရန်။

(၂) ဆိုးသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ မတရားသောသူတို့နှင့် မတရားသောမေထုန်ကို ပြုသောသူတို့နှင့် အပေါင်းအသင်းမဖွဲ့၊ ဘုရားသခင်အပေါ်၊ မိသားစုအပေါ် သစ္စာရှိသော အသက်တာဖြင့်အသက်ရှင်တတ်ရန်။

*ဇူလိုင်လ(၁၀)၊  ၂၀၁၅ (သောကြာနေ့)*

❑ ဆင်ခြင်ရန် – သမ္မာတရားအားဖြင့်လွတ်ခြင်းသို့ရောက်၍

(၁) *<u>သမ္မာတရားဖြစ်သော  သခင်ယေရှုခရစ်ကိုသိခြင်း(ယော၊၈း၃၂)</u>*

နှလုံးသားထဲတွင် သမ္မာတရားကို လက်ခံသောသူတိုင်းသည် မိမိတို့ကျူးလွန်ထားသော အပြစ်ဒုစရိုက်များကို ခွင့်လွှတ်ပေး၍တဖန် ဘုရားသခင်၏ သစ္စာရှိသောငယ်သားကောင်းအနေဖြင့် အသက်ရှင်လိုက်လျှောက်ရန်။

(၂) *<u>အသက်သခင်ဖြစ်တော်မူသော ယေရှုခရစ်တော်(ယော ၁၄း၆)</u>*

လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်တော်မူသော ယေရှုခရစ်ကို ပိုင်ဆိုင်သူတိုင်းသည် အရာခပ်သိမ်းမှလွတ်ခြင်းအခွင့်ကို  ရရှိပြီး ထာဝရအသက်ကို ပိုင်ဆိုင်၍ ယုံကြည်သူတိုင်းလက်ခံရရှိရန်။

*ဇူလိုင်လ(၁၁)၊ ၂၀၁၅ (စနေနေ့)*

❑ ဆင်ခြင်ရန် – ကတိသစ္စာနှင့် ပြည့်စုံတော်မူသော ဘုရားသခင်

(၁) *ကတိတည်တော်မူသောဘုရား (တော၊ ၂၃း၁၉)*
ဘုရားသခင်သည် ကတိသစ္စာနှင့် ပြည့်စုံတော်မူသောကြောင့် သူ့ကို ကိုးကွယ်သည့်လူတိုင်းလည်း ကတိသစ္စာနှင့်ပြည့်စုံသောသူများဖြစ်ရန် ဘုရားသခင်အလိုတော်ရှိသည်။

(၂) *ဘုရားသခင်စကားတော်သည် ဖောက်ပြန်ခြင်းမရှိ (ဆာလံ၊ ၈၉း၃၄)*
ယုံကြည်သူတိုင်းလည်း မိမိတို့လုပ်ဆောင်သော အရာတိုင်းတွင် ဖောက်ပြန်ခြင်းမရှိဘဲ မိမိတို့ပြောဆိုသည့်အတိုင်း အသက်ရှင်ရန်။

❑ ဆုတောင်းရန်

(၁) စစ်မှန်သောနောင်တနှင့် အသက်တာအား ဘုရားသခင်အဖို့ ဆက်ကပ်ပူဇော်ပြီး အသက်ရှင်တတ်ရန်။

(၂) အသက်တာတွင် ခရစ်တော်၏ အသက်တာပုံစံဖြင့် ထပ်တူညီသော အသက်တာဖြင့် အသက်ရှင်လျှောက်လှမ်းတတ်ရန်။

*ဇူလိုင်လ(၁၂)၊ ၂၀၁၅ (တနင်္ဂနွေနေ့)*

❑ ဆင်ခြင်ရန် – ဘုရားသခင်၏ သစ္စာတော်သည်အစဉ်အမြဲတည်ခြင်း

(၁) *နှုတ်ကပတ်တော်သည် အစဉ်အမြဲတည်ခြင်း(ဆာလံ၊ ၁၁၉း၈၉–၉၀)*
လူသားများ၏ကတိနှင့် စကားတော်သည် အချိန်ကာလကြာသည်နှင့်အမျှ ပြောင်းလဲနေသော အခြေအနေပေါ်တွင် မတည်ကြပေ။ သို့သော် ဘုရားသခင်အပေါ် ယုံကြည်အားကိုးခြင်းသည် အစဉ်အမြဲတည်စေရန်လိုအပ်ပေသည်။





(၂) *ရှာသောသူကို စွန့်ပစ်တော်မမူပါ(ဆာလံ၊ ၉း၁၀)*
ထာဝရဘုရားကိုသိ၍ ရှာသောသူတို့ကို ဘုရားသခင်သည် အဘယ်အကြောင်းနှင့်မျှ စွန့်တော်မမူကြောင်းသိ၍ အမြဲတမ်း ဘုရားသခင် ထံတိုးဝင်ချဉ်းကပ်ရန်။

❑ ဆုတောင်းရန်

(၁) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း များမြောင်လှသော်လည်း ယင်းစိန်ခေါ်ချက်များကို ခရစ်တော်အားဖြင့် ကျော်လွှားအောင်မြင်သော အသက်တာဖြစ်ရန်။

(၂) ယုံကြည်ခြင်းကြောင့် ရင်ဆိုင်ရမည့် ညှင်းဆဲခြင်း၊ အသေသတ်ခြင်း၊ ချုပ်နှောင်ခြင်း အစရှိသည့် ဒုက္ခအခက်အခဲများကို မည်သို့ပင်ရင်ဆိုင်ရသည့်တိုင် ဘုရားသခင်သည် ကျွန်ုပ်တို့အားဘယ်သောအခါမျှ စွန့်တော်မမူကြောင်းကို အကြွင်းမဲ့ယုံကြည်လျက် ခရစ်တော်ထံတိုးဝင်ချဉ်းကပ်ပြီး ခိုလှုံအသက်ရှင်ရန်။

☸ ☸ ☸

**"နှစ်ခြင်းယုံကြည်သူအားလုံး"**

**နှစ်(၂၀၀)လွန်သာသနာလုပ်ငန်းများအတွက်**

**ဆုတောင်းခြင်းအားဖြင့်ပါဝင်ကြရန်**

**အထူးနှိုးဆော်အပ်ပါသည်။**

☸ ☸ ☸

## ''ဌာနများအတွက်ဆုတောင်းပေးရန်''

❑ ဧဝံဂေလိနှင့်သာသနာပြုရေးဌာန။

(၁) ရွှေပြည်မြန်မာနှစ်ခြင်းသာသနာလုပ်ငန်း၊ ဒုတိယဆယ်စုနှစ်စီမံကိန်းလုပ်ငန်းများအတွက်။

(၂) ခရစ်ယာန်ပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့် အသင်းတော်တည်ထောင်ခြင်းဆိုင်ရာသင်တန်းများအတွက်။

(၃) မြန်မာနိုင်ငံ ယဉ်ကျေးမှုခြား သာသနာပြုသင်တန်းကျောင်းအား (၂၀၁၅)ခုနှစ်အတွင်း အစပြုဖွင့်လှစ်နိုင်ရေးအတွက်။

(၄) အဖွဲ့ချုပ်အသီးသီးမှ ၂၀၁၅–၂၀၁၇ အတွင်း အသစ်ဖော်ထုတ်မည့် သာသနာကွင်း(၂၀၀)အတွက်။

❑ ခရစ်ယာန်ဆက်သွယ်ရေးဌာန။

(၁) ဌာနကိုအစီအစဉ်ဌာနအဖြစ် အသွင်ပြောင်းပြီး ဆောင်ရွက်လျှက်ရှိရာ၊ဌာန၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များအတိုင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်။

(၂) ခေတ်အလိုက် အဖွဲ့ချုပ်များနှင့် အသင်းတော်များ၏ လိုအပ်ချက်များကို ပြည့်မီအောင် ပံ့ပိုးဖြည့်ဆည်းနိုင်ရေးနှင့် ဆက်သွယ်ရေးနည်းပညာများဖြန့်ဝေနိုင်ရေးအတွက်။

(၃) ရေခံမြေခံနှင့် ကိုက်ညီသောမီဒီယာများဖြင့် သာသနာပြုခြင်းကိုစွမ်းဆောင်နိုင်ရေးအတွက်။

(၄) မိတ်ဖက်များ တိုးချဲ့/ကွန်ရက်ပြုလျက် လုပ်ငန်းများတိုးပွားအဆင့်မြင့်လုပ်ဆောင်နိုင်ရေးတွက်။





❑ ခေါင်းဆောင်မြှင့်တင်ရေးဌာန။

(၁) ယုဒသန်ပညာသင်ထောက်ပံ့ကြေးဖြင့် ပညာသင်ကြားနေသောနှစ်ခြင်းလူငယ်များထဲမှ အနာဂတ်၌ ဆက်ကပ်ကြမည့် ခေါင်းဆောင်များအတွက်။

(၂) ယုဒသန်ပညာရေးထောက်ပံ့မှု ရင်နှီးမတည်ငွေအတွက်ပေးလှူကြသောအလှူရှင်များနှင့် ယုဒသန်ပညာရေး ထောက်ပံ့ မှုရရှိခဲ့သောကျောင်းသား/သူများအတွက်။

(၃) ယုဒသန်ပညာရေးထောက်ပံ့ရေးရင်နှီးမတည်ငွေ သိန်း(၃၀၀၀)စီမံကိန်းပြည့်မီအောင်ရရှိနိုင်ရန်အတွက်။

(၄) မြန်မာနိုင်ငံနှစ်ခြင်းအသင်းတော်ရှိ နှစ်ခြင်းကျမ်းစာသင်ကျောင်းများတွင် ဆရာ/မများလုံလောက်စွာ ရရှိနိုင်ရန်အတွက်။

(၅) နှစ်ခြင်းအသင်းချုပ်မှီငြိမ်းစာကြည့်တိုက် အသစ်ရရှိနိုင်ရန်နှင့် သမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သောစာအုပ်များစွာကို နောင်လာနောက်သားများအတွက် ထိန်သိမ်းထားနိုင်ရန်အတွက်။

❑ သီအိုလော်ဂျီပညာဌာန။

(၁) ဌာနမှအကောင်အထည်ဖေါ်လုပ်ဆောင်နေသော နှစ်ခြင်းကျမ်းစာကျောင်းလွှန်ကြမည့် ကျောင်းသူ/သားများနှင့် မိတ်ဆက်ခြင်းစီမံချက်၊ Consultation on Curriculum for Non-degree စီမံချက်၊ Pastoral Theology သင်ရိုးညွှန်းတမ်း အလုပ်ရုံဆွေးနွေးပွဲ၊ ရန်ကုန်မြို့ပေါ်ရှိ နှစ်ခြင်းကျမ်းစာကျောင်းများမှဆရာ၊ ဆရာမများမိတ်သဟာရအစီအစဉ်၊ ကျမ်းစာကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲ

စီမံချက်၊ ကျမ်းစာကျောင်းများ၏ တတိယအကြိမ်မြောက် ဓမ္မညီလာခံ၊ သမ္မာအလင်းဂျာနယ် ထုတ်ဝေရေးစီမံချက်နှင့် ဘာသာရပ်အလိုက် ကျောင်းသုံးဖတ်စာအုပ် စီမံချက်များအတွက်။

(၂) ရေးဆွဲထားသော သုံးနှစ်စီမံကိန်း၊ ၁၀နှစ်စီမံကိန်း၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံချက်များအတွက်။

(၃) သီဩလော်ဂျီပညာဌာန၏ အဖွဲ့ဝင်နှစ်ခြင်းကျမ်းစာကျောင်း (၄၈) ကျောင်းမှ ကျောင်းအုပ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ကထိကများနှင့် ကျောင်းသား/သူများအားလုံးအတွက်။

(၄) သီဩလော်ဂျီပညာရေးဌာန၏ ကော်မတီဝင်များ အားလုံးအတွက်။

❑ ဓမ္မအမှုတော်ဆောင်များဌာန။

(၁) အသင်းချုပ်အတွင်းရှိ ဓမ္မအမှုတော်ဆောင်များ ဘုရားသခင်၏အမှုတော်ကို ကောင်းမွန်စွာ၊ ဖြူစင်သန့်ရှင်းစွာ အမှုတော်ထမ်းဆောင်နိုင်ရန်နှင့် ဘုရားထံပါးမှခွန်အားရရှိရန်အတွက်။

(၂) ဌာနမှရေးဆွဲထားသော လုပ်ငန်းစီမံချက်များအား ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်။

(၃) နှစ်ခြင်းခရစ်ယာန်များ၏ ယုံကြည်ခြင်းနှင့် ကျင့်သုံးမှုကို အသင်းတော်ရှိယုံကြည်သူများထံ စိမ့်ဝင်ရောက်ရှိပြီးသိရှိနားလည်ရန်အတွက်။

(၄) နှစ်ခြင်းခရစ်ယာန်အသင်းချုပ်အတွင်းရှိ လူ/ဒေအဖွဲ့ချုပ် ဓမ္မအမှုတော်ဆောင်များ အချင်းချင်း ယိုင်းပင်ကူညီခြင်း၊ အချင်းချင်းတို့အတွက်။

(၅) လူ/ဒေအဖွဲ့ချုပ်အတွင်းရှိ ဓမ္မအမှုတော်ဆောင်များ သာသနာ့လုပ်ငန်းများအတွက် အချင်းချင်းပူပေါင်း ဆောင်ရွက်နိုင်ကြရန်အတွက်။





❑ စာပေနှင့်ပုံနှိပ်ထုတ်ဝေရေးဌာန။

(၁) စာပေနှင့်ပုံနှိပ် ထုတ်ဝေရေးဌာနမှ ဝန်ထမ်းများအားလုံးအတွက်။

(၂) မေတ္တာတမန်မဂ္ဂဇင်းသည် ဝိညာဉ်တန်ခိုးနှင့်ပြည့်ဝလျက်၊ အရည်အသွေးကောင်းမွန်သည့် စာအုပ်တစ်အုပ်အဖြစ် စာဖတ်သူများ၏လက်ထဲသို့ အပျောက်အရှမရှိ၊ မပျက်မစီးဘဲရောက်ရှိနိုင်ရန်အတွက်။

(၃) စာစောင်တွင် ကလောင်ရှင်များအားဖြင့် ရေးသားပေးပို့ကြသော ပုဂ္ဂိုလ်များနှင့် အလှူငွေအားဖြင့် ပါဝင်ပေးလှူကြကုန်သော အလှူရှင်များ အားလုံးအတွက်။

(၄) စာပေပုံနှိပ်ထုတ်ဝေရေးတွင် အသုံးပြုလျက်ရှိသော စက်ပစ္စည်းများအားလုံး မပျက်မစီးရန်နှင့် ကိုင်တွယ်သူများအားလုံး လည်း အထိအခိုက်မရှိရန်။

❑ ဓမ္မပညာဌာန။

(၁) ဩဂုတ်လ (၂၇–၂၉) ရက်နေ့များတွင်ပြုလုပ်မည့်ခရစ်ယာန်အိမ်ထောင် နည်းပြများမွမ်းမံသင်တန်းနှင့် မေတ္တာစံအိမ် ခရစ်ယာန်အိမ်ထောင်စာစောင်အတွက်။

(၂) အောက်တိုဘာ (၁၃–၁၆)ရက်နေ့များ တွင်ပြုလုပ်မည့် အသင်းတော်ကျောင်းဆရာဖြစ်နည်းပြမွမ်းမံသင်တန်းအတွက် ဆုတောင်းပေးရန်။

(၃) ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး ECCD သင်တန်းများအတွက်။

(၄) လူ/ဒေအဖွဲ့ချုပ် ဓမ္မပညာတာဝန်ခံများ လုပ်ငန်းညှိနှိုင်းခြင်းနှင့် သင်တန်းများ၊ ဌာနစည်းဝေးများအတွက်။

(၅) အသင်းတော်ဓမ္မပညာကျောင်း လုပ်ငန်းများ တိုးတက်ရှင်သန်ရန်အတွက်။

- ❑ ခရစ်ယာန်လူမှုဝန်ထမ်းခြင်းနှင့်ဖွံ့ဖြိုးရေးဌာန။

(၁) မော်ဘီ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းဆောင် ဆောက်လုပ်ရေးကိစ္စနှင့် ပဲခူးခြံ၏ လုပ်ငန်းများအတွက်။

(၂) ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ပြေးဒုက္ခသည်များအတွက် ဌာနမှ သွားရောက် ကူညီမည့် အစီအစဉ်အတွက်။

(၃) ဌာန၏လုပ်ငန်းများနှင့်အတူ အဖွဲ့ချုပ်အသီးသီးရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်။

- ❑ အမျိုးသားဌာန။

(၁) ဖခင်များအားဂုဏ်ပြုသီချင်း (DVD)အခွေကို ထုတ်ဝေနိုင်ရန်အတွက်။

(၂) လူမျိုးစုနှင့်ဒေသန္တရအဖွဲ့ချုပ်များမှ ပြုလုပ်မည့် သမ္မာကျမ်းစာသင်တန်းနှင့် (Level-2)သင်တန်းများအတွက်။

(၃) သဘော်သား မိတ်သဟာရအစီအစဉ်အတွက် ဆုတောင်းပေးရန်။

(၄) ၂၀၁၅–ခုနှစ်၊ စတုတ္ထအကြိမ် နှစ်ခြင်းအမျိုးသား ဓမ္မညီလာခံကို လူ/ဒေအဖွဲ့ချုပ်(၁၈)ပါး၊ တိုက်ရိုက်ဆက်သွယ်သော အသင်းတော် (၂)ပါးနှင့် ရန်ကုန်မြို့မှ ကိုယ်စားလှယ်များ စုစုပေါင်းလူဦးရေ (၁၇၀၀) ဦး ပါဝင်တက်ရောက်မည်ဖြစ်ပြီး ၂၀၁၅–ခုနှစ်၊အောက်တိုဘာ (၈–၁၁)ရက် အထိ၊Franc Haltl ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန် အနီးသာသနာနယ် အသင်းတော်များအဖွဲ့၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်။

(၅) ဖခင်များနှင့် စပ်ဆိုင်သည့် စာလွှာများကို နှစ်စဉ်ဖခင်များနေ့အမီ ထုတ်ဝေနိုင်ရန်အတွက်။

(၆) ၂၀၁၅–ခုနှစ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အမျိုးသား





ဌာန၏ (၃၈)ကြိမ်မြောက် ရန်ကုန်တွင်ပြုလုပ်မည့် မုတ်သုံ သမ္မာကျမ်းစာသင်တန်းအတွက်။

(၇) ''သက်ကြွယ်ပြုစုစောင့်ခြင်း အမြင်ဖွင့်အစီအစဉ်ကို ရန်ကုန်မြို့၌ ဆက်လက်လုပ်ဆောင်သွားရန်အတွက်။

- ❑ အမျိုးသမီးဌာန။

(၁) မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ်၊ အမျိုးသမီးဌာနဝန်ထမ်းများသည် ဝိညာဉ်သဘောနှင့် ပြည့်ဝလျက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသောသူများဖြစ်ရန်အတွက်။

(၂) ၂၀၁၅–ခုနှစ်တွင်ပြုလုပ်မည့် အစီအစဉ်များ၊ သင်တန်းများအားလုံးကိုအောင်မြင်စွာလုပ်ဆောင်ရန်အတွက်။

(၃) ဘဝသစ်ရိပ်သာ (New Life Center)ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောက်လုပ်နိုင်ရန်အတွက်။

(၄) ပြည်တွင်း/ပြည်ပ နှစ်ခြင်းညီအစ်မများနှင့် သာသနာ့လုပ်ငန်းများတွင်ထိရောက်စွာ လက်တွဲဆောင်ရွက်နိုင်ရန်အတွက်။

- ❑ လူငယ်ဌာန။

(၁) သတ္တမအကြိမ် လူငယ်ခေါင်းဆောင်ညီလာခံနှင့် အဋ္ဌမအကြိမ် လူငယ်ဓမ္မညီလာခံကြီးအတွက်။

(၂) ကျေးလက်လူငယ် အသက်တာမြှင့်တင်ရေး သင်တန်းများအတွက်။

(၃) Effective Youth Ministry Trainingအတွက်ဆုတောင်းပေးရန်။

(၄) ၂၀၁၅–ခုနှစ်၊ ဩဂုတ်လတွင် မန္တလေးမြို့တွင် ပြုလုပ်မည့် ''မြို့ပြလူငယ်များအားသစ်လောင်းအစီအစဉ်''အတွက် ဆုတောင်းပေးရန်။

(၅) ၂၀၁၅–ခုနှစ်၊ ဩဂုတ်လတွင် ပြုလုပ်မည့် ''လူငယ်ခေါင်းဆောင်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၇)'' အတွက်။

(၆) ရန်ကုန်မြို့တော် နှစ်ခြင်းလူငယ် ခေါင်းဆောင်များ မိတ်သဟာရ တွေ့ဆုံပွဲ ပြုလုပ်နိုင်ရန်နှင့် လူငယ်ကွန်ယက်စီမံချက် အတွက်။

(၇) ၂၀၁၅–ခုနှစ်၊ ရဲတိုက်လူငယ် မဂ္ဂဇင်းအတွက် ဆုတောင်းပေးရန်။

(၈) လူငယ်ခေတ်ပေါ် ဓမ္မတေးသီချင်း DVD အမြန်ဆုံး ထုတ်လုပ်ဖြန့်ချီနိုင်ရန်အတွက်။

❑ ဘဏ္ဍာရေးဌာန။

(၁) ကားရေဆေးဆီထိုးလုပ်ငန်းအား ငှားရမ်းထားသော သာသနာမြေနှင့်အဆောက်အဦသည် ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် သက်တမ်းပြည့်မည်ဖြစ်သောကြောင့် လက်ရှိငှားရမ်းထားသူများအနေဖြင့် သတ်မှတ်နေ့ရက်၌ ကောင်းမွန်စွာ ပြန်လည်အပ်နှံရေးအတွက်။

(၂) ၂၀၁၅–ခုနှစ်၊ နှစ်ခြင်းအသင်းချုပ် သာသနာ့လုပ်ငန်းများအတွက် ဘဏ္ဍာရေးပြည့်မီရေးအတွက်။

(၃) နှစ်ခြင်းအသင်းချုပ် ဝန်ထမ်းအိမ်ယာ အမြန်ဆုံး ဆောက်လုပ်နိုင်ရေးအတွက်။

(၄) ပေလီရှိ နှစ်ခြင်းအသင်းချုပ်ပိုင် မြေပေါ်တွင် အကျိုးတူဆောင်ရွက်မည့်သူများအနေဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် အမြန်ဆုံးရရှိနိုင်ရေးအတွက်။

(၅) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ(မြေယာ/အဆောက်အဦ)နှင့်ပတ်သက်ပြီး ရင်ဆိုင်နေရသော ကိစ္စများအပေါ် ဘုရားသခင်လမ်းပြရန်အတွက်။

☸ ☸ ☸





# အပိုင်း –ခ

## "ဆရာကြီးယုဒသန်နှင့်မြန်မာပြည်သာသနာ"

သမိုင်းအရှင် ဘုရားသခင်သည် မိမိအလိုတော် ပြည့်စုံစေရေး နိုင်ငံတစ်နိုင်ငံလျှင်၊ ဂိုဏ်းဂဏတစ်ခုစီကို အဓိကရွေးချယ် တာဝန်ပေးထားကြောင်း၊ မြန်မာနိုင်ငံအတွက်လည်း မိမိတို့နှစ်ခြင်းအသင်းတော်များထံသို့ ဆရာကြီးယုဒသန်မှတဆင့် လက်ဆင့်ကမ်းလာသော ဘုရားပေးမဟာတာဝန်ကြီးကို သိရှိအောင် မီးမောင်းထိုးထားပါသည်။

### အပိုင်း(က) ဆရာကြီးယုဒသန်အကြောင်းသိမှတ်ဘွယ်ရာသမိုင်းအကျဉ်း

| | |
|---|---|
| ၉/၈/၁၇၈၈ | ဆရာကြီးယုဒသန်သည် အမေရိကပြည်Massachusets ပြည်နယ် Malden မြို့တွင် Rev. Adoniran Judson Sr. နှင့်ဇနီး Abigail Brown Judson တို့မှ ပေါက်ဖွားသော အကြီးဆုံးသားကြီး ဖြစ်ပါသည်။ |
| ၁၁/၈/၁၈၀၂ | မက်ဆက်ချူးဆက်ပြည်နယ်၊ Plymouth မြို့သို့ သာသနာပြုတာဝန်ဖြင့် မိသားစုပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ |
| ၁၇/၈/၁၈၀၄ | Rhoges Island ပြည်နယ် Brown University တွင် ပညာဆည်းပူးခဲ့ပါသည်။ တက္ကသိုလ်ပညာဆည်းပူးစဉ် ဘုရားမဲ့ဝါဒီ Jacob Eames နှင့် ရင်းနှီး၍ ယင်းဝါဒကို ခံယူခဲ့သည်ဟု စာအဆိုရှိခဲ့ပါသည်။ |
| ၂/၉/၁၈၀၇ | Brown တက္ကသိုလ်မှ B.A ဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် ရရှိခဲ့ပါသည်။ |
| ၁၇/၉/၁၈၀၇ | ကလေးသူငယ်တို့အတွက် Plymouth Independent |

Academy အလွတ်ပညာသင်ကျောင်းဖွင့်လှစ်၍ ခေတ္တမျှ သင်ကြားပို့ချပေးခဲ့သည်။

၁၁/၈/၁၈၀၈ လူငယ်သဘာဝ တည်ငြိမ်မှုမရသေးပဲ နေအိမ်မှခွာ၍ အရပ်ရပ် လှည့်လည်ခရီးသွားစဉ် တစ်နေ့သောညဥ့် တည်းခိုခန်းတစ်ခု၏ ကပ်လျက်အခန်းတွင် ဝေဒနာသည် တစ်ဦး ပြင်းပြစွာဝေဒနာခံစား ကွယ်လွန်ခဲ့ရာ သူငယ်ချင်း ဘုရားမဲ့ဝါဒီ Jacob Eames ဖြစ်ကြောင်း သိရလေသည်။ ဤသေခြင်းကြောင့် စိတ်လှုပ်ရှားလျက် မိသားစုနေအိမ်သို့ ၂၂–၉–၁၈၀၈တွင် ပြန်လည်ရောက်ရှိသည်။

၂/၁၀/၂၈၀၈ ဓမ္မဝန်ဆောင် ဆရာကြီးတို့၏ အကြံပြုဖိတ်ခေါ်မှုဖြင့် Andover မြို့တွင် စတင်တည်ထောင် ဖွင့်လှစ်သော ကျမ်းစာကျောင်း Andover Theological Seminary သို့ တက်ရောက်လျက် ဓမ္မပညာဆည်းပူးခဲ့သည်။

၂၈/၅/၁၈၀၉ ဖခင် သင်းအုပ်ဆရာအဖြစ် တာဝန်ယူလျက်ရှိသော Plymouth Congregation Church တွင် အသင်းသားအဖြစ် စတင်ပါဝင်ခဲ့သည်။

၆/၁၈၀၉ Williams College မှ အောင်မြင်ပြီး၊ ဤကျမ်းစာကျောင်းသို့ ရောက်ရှိလာသည့် Samuel.J. Mills, Samuel Nott, Samuel Newells, James Richards, Gordon Hall တို့၏ သာသနာ့သမိုင်းတွင် ထင်ရှားသော ''ကောက်ရိုးပုံဆုတောင်းစည်းဝေးအဖွဲ့'' (Hay Stack Prayer Meeting) အဖွဲ့ဝင်များတို့နှင့် မိတ်ဆွေဖြစ်ကြရာမှ သာသနာပြုစိတ်ဓာတ် ပိုမို တိုးပွားခဲ့သည်ဟု ဆိုလျှင် မှားနိုင်မည်မဟုတ်ပါ။





၉/၁၈၀၉ အိန္ဒိယနိုင်ငံတွင် အရှေ့အိန္ဒိယကုမ္ပဏီ၏ ဓမ္မဝန်ဆောင် Chaplain အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Rev. Claudius Buchanan ၏တရားဟောချက် Star in the East ပုံနှိပ်စာကိုဖတ်ခြင်းဖြင့် အရှေ့တိုင်းတို့တွင် သာသနာပြုရန် စိတ်ဝင်စားသည်ဟု စာအဆိုရှိပါသည်။

၂/၁၈၁၀ ကျောင်းဝင်းအနီး တောင်ကုန်းတစ်နေရာတွင် အာရုံပြုလမ်းလျှောက်စဉ် ''သင်တို့သည်သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျှက် . . . . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်ရှိမည်'' ဟူသည့် မဿဲ(၂၈း၁၈–၂၀)ပါ ကျမ်းစကားများကို နားနှင့်ဆတ်ဆတ် ကြားရသည်တွင် ဘုရားသခင်၏ ခေါ်တော်မူသံ၊ ဘုရားသခင် ပေးတော်မူသော ဗျာဒိတ်ရူပါရုံအဖြစ် ယုံကြည်ခံယူလျက်၊ သာသနာပြုဆရာအဖြစ် တာဝန်ထမ်းရန် ထိုနေရာတွင်ပင် ဒူးထောက်ဆုတောင်း၍ ဆက်ကပ်ခဲ့သည်။ (ယင်းသို့ ဆက်ကပ်ခဲ့သည့်နေရာ Mission Woods ကျောက်တုံးပေါ်တွင် ကဗျည်းထိုးလျက် မော်ကွန်းတင်ထားပါသည်။

၂၈/၆/၁၈၁၀ New England ဒေသရှိ Congregational အသင်းတော်များ၏ သင်းလုံးကျွတ်စည်းဝေးကို Bradford မြို့တွင်ကျင်းပရာ ယုဒသန်နှင့်အဖွဲ့၏ တင်ပြချက်ကို နှစ်သက်ကြ၍ ပြည်ပသာသနာပြုရေးအတွက် The American Board of Comissioners for Foreign Mission အဖွဲ့ကိုဖွဲ့စည်းရန် အဖွဲ့ဝင်(၃)ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်း ဆောင်ရွက်စေသည်။

၅/၉/၁၈၁၀ Brown University မှ M.A မဟာဝိဇ္ဇာဘွဲ့ ရရှိသည်။

၂၄/၉/၁၈၁၀ Andover Theological Seminary ကျမ်းစာကျောင်းမှ ဂုဏ်ထူးဖြင့်အောင်မြင်သည်။

၁၁/၁/၁၈၁၁ သာသနာပြုအဖွဲ့ကြီးတွင် ငွေရေးကြေးရေး အခက်အခဲများကြောင့် လုပ်ငန်းမစနိုင်သေးဘဲ ကြန့်ကြာသည်ကို အားမရသဖြင့် အင်္ဂလန်နိုင်ငံရှိ London Missionary Society နှင့် အဆက်အသွယ်ပြုရန် အင်္ဂလန်သို့ ခရီးပြုခဲ့သော်လည်း လမ်းတွင်ပြင်သစ်တို့၏ ဖမ်းဆီးခြင်းကိုခံရပြီး ရည်ရွယ်ချက် မအောင်မမြင် ဖြစ်ခဲ့ရသည်။

၁၈/၉/၁၈၁၁ နိုင်ငံရပ်ခြားသာသနာပြုအသင်းကြီး The American Board of Commissioners for Foreign Mission အဖွဲ့ကြီး၏ အစည်းအဝေးကို Worcester မြို့တွင် ကျင်းပကြရာ။

၁၉/၉/၁၈၁၁ Adonirum Judson, Samuel Nott, Samuel Newell, Gordon Hall တို့ကို သာသနာပြုဆရာများအဖြစ် ခန့်ထားစေလွှတ်ရန် ၁၉–၉–၁၈၁၁ နေ့တွင်ဆုံးဖြတ်ခဲ့ပါသည်။

၅/၂/၁၈၁၂ Bradford မြို့နေ သင်းထောက်ကြီးတစ်ဦးဖြစ်သူ John Hasseltine ၏ အငယ်ဆုံးသမီး၊ (၂၃)နှစ်အရွယ်ရှိ ကျောင်းဆရာမ Ann Hesseltine နှင့် ထိမ်းမြားလက်ထပ်ပါသည်။

၆/၂/၁၈၁၂ Salemမြို့ Tabernacleတွင် Samuel Nott, Samuel Newell, Gordon Hall, Luther Rice တို့နှင့် အတူ လက်တင်မင်္ဂလာ ခံယူပါသည်။

၁၉/၂/၁၈၁၂ Samuel Newell နှင့်ဇနီး Harriet တို့နှင့်မက်ဆက်ချူးဆက်ပြည်နယ် Salemမြို့မှ Caravenအမည်ရှိပင်





လယ်ကူးသင်္ဘောနှင့် စတင်ထွက်ခွာလာသည်။

၁၇/၆/၁၈၁၂ အိန္ဒိယနိုင် ကာလ်ကတ္တားမြို့သို့ ၁၇–၆–၁၈၁၂ တွင် ရောက်ရှိကြသည်။ အင်္ဂလိပ်နှစ်ခြင်းသာသနာပြု ဆရာကြီး William Carey, Marshman, William Ward တို့ လာရောက် ကြိုဆိုကြသည်။

၆/၉/၁၈၁၂ ဆရာကြီးယုဒသန်နှင့်ဇနီး Annတို့ ကာလကတ္တား Lal Bazaar နှစ်ခြင်းအသင်းတော်တွင် ဆရာကြီး William Ward လက်ဖြင့် နှစ်ခြင်းမင်္ဂလာ ခံယူကြပါသည်။

/၁၁/၁၈၁၂ East India Company က နေထိုင်ခွင့်မပြုသောကြောင့် နိုဝင်ဘာလတွင် အာဖရိကတိုက် အရှေ့ကမ်းလွန် မဂဒါးစကားကျွန်းအနီးရှိ ပြင်သစ်ပိုင်ကျွန်း Isle of France သို့ ထွက်ခွာမည့် ပြင်သစ် Labell Croele ဖြင့် ခက်ခဲစွာ လိုက်ပါသွားရသည်။

၁၇/၁/၁၈၁၃ ပြင်သစ်ပိုင်ကျွန်း Isle of Franceသို့ ဆိုက်ရောက်သည်။ ရှေ့ကရောက်နှင့်သော Samuel Newell နှင့် တွေ့ကြသောအခါဇနီး Harriet ကွယ်လွန်ပြီးကြောင်းနှင့် သာသနာပြုရန် အလားအလာမကောင်းကြောင်း သိရသည်။

၇/၅/၁၈၁၃ သာသနာပြုရန် အစစ အဆင်မပြေသောကြောင့် မလေးရှားနိုင်ငံ ပီနန်ကျွန်းသို့ သွားရောက်သာသနာပြုရန် ကြံရွယ်လျက် ပြင်သစ်ပိုင်ကျွန်း Isle of Franceမှ ထွက်ခွာခဲ့ကြရာ ဇွန်လ(၁/၄)ရက်နေ့တွင် Madras မြို့သို့ ဆိုက်ရောက်ကြသည်။ အင်္ဂလိပ်နှစ်ခြင်းသာသနာပြုဆရာ Loveless ဇနီးမောင်နှံအိမ်တွင် ခေတ္တတည်းခိုနေထိုင်ခဲ့သည်။

၂၂/၆/၁၈၁၃ East India Company က ကြာရှည်လက်ခံခွင့်မပြု

သောကြောင့် သတ်မှတ်ရက်မကုန်မှီ ရရာသင်္ဘောဖြင့် ထွက်ခွာရန် ကန့်သတ်ရက်အတွင်း Madras မြို့မှ ထွက်ခွာဖြင့် Georgiana သင်္ဘောဖြင့် တစ်ခုတည်းသော ဒေသဖြစ်သည့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြသည်။

၁၂/၇/၁၈၁၃ ညဦးပိုင်းနေဝင်စအချိန်တွင် Georgiana သင်္ဘောနှင့်ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိသည်။ ဆရာကြီးတစ်ဦးတည်း ကမ်းပေါ်သို့တက်၍ ခေတ္တမျှကြည့်ရှုလေ့လာသည်။

၁၃/၇/၁၈၁၃ (၁၃)ရက်၊ အင်္ဂါနေ့တွင် ဆရာကြီးတို့ဇနီးမောင်နှံသည် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသော အင်္ဂလိပ်နှစ်ခြင်းသာသနာပြုဆရာကြီး Felex Carey (William Carey ၏သား)နေအိမ်တွင် ခေတ္တတည်းခို အခြေချခွင့်ရခဲ့သည်။ ထိုအချိန်တွင် ဆရာကြီး Felex Carey သည် အင်းဝနေပြည်တော်တွင် ရောက်နေခိုက်ဖြစ်သော်လည်း ဆရာကတော်က ညွှန်ဝတ်ပြုခဲ့သည်။

*“အခြားသောတံခါးများကို ပိတ်ထားသော်လည်း*
*ဘုရားသခင်သည် မိမိအလိုရှိတော်မူရာ*
*တံခါးတစ်ခုကိုမူ ဖွင့်ထားတော်မူခံသည်ဖြစ်ရာ*
*ကျေးဇူးတော်ပင်ဖြစ်ချေသည်။”*

၁၃/၇/၁၈၁၆ မြန်မာသဒ္ဒါကျမ်း ပြုစုပြီးစီးသည်။

၂၀/၅/၁၈၁၇ ရှင်မဿဲခရစ်ဝင်ကျမ်းကို မြန်မာဘာသာသို့ စတင်ပြန်ဆိုပါသည်။

၄/၄/၁၈၁၉ မြန်မာစကားဖြင့် ကိုးကွယ်ဝတ်ပြုခြင်း အစပြုခဲ့သည်။

၂၅/၄/၁၈၁၉ ရွှေတိဂုံစေတီသို့ သွားရာလမ်း၌ ဆောက်လုပ်ပြီးစီးသော တရားဇရပ်သစ်တွင် လမ်းသွားလမ်းလာတို့ကို မြန်မာဘာသာဖြင့် စတင်၍တရားဟောပါသည်။





၃၀/၄/၁၈၁၉ (သောကြာနေ့) မောင်(ဦး)နော လာရောက်တွေ့ဆုံ၍ တရားဆွေးနွေး မေးမြန်းမှုပြုသည်။

၂၇/၆/၁၈၁၉ မြန်မာတိုင်းရင်းသားများထဲမှ ပြောင်းလဲယုံကြည်သက်ဝင်သူ မောင်(ဦး)နောကို နှစ်ခြင်းမင်္ဂလာပေးပါသည်။

၇/၁၁/၁၈၁၉ မောင်(ဦး)သာလှနှင့် မောင်(ဦး)ပြား တို့နှစ်ဦးအား နှစ်ခြင်းမင်္ဂလာပေးပါသည်။

၁၀/၁၁/၁၈၁၉ မြန်မာစကားဖြင့် ပထမဆုံးသော ဆုတောင်းစည်းဝေးကျင်းပသည်။

၂၁/၁၂/၁၈၁၉ လွတ်လပ်စွာသာသနာပြုခွင့်အတွက် ဆရာဂျိမ်(စ်)ကိုလ်မင်း Mr. James Colman မောင်(ဦး)နောတို့နှင့်အတူ အင်းဝနေပြည်တော်သို့ ခရီးပြုခဲ့ရာ ၂၅–၁–၁၈၂၀တွင် ရောက်ရှိကြသည်။ ရန်ကုန်မြို့တွင် ရင်းနှီးခဲ့ဖူးသည့် အရာရှိတစ်ဦး၏ အကူအညီဖြင့် ဘကြီးတော်ဘုရားထံ အခစားဝင်ခွင့်ရလျက် လွတ်လပ်စွာဟောပြောခွင့်ပြုပါရန် လျှောက်ထားသော်လည်း အခွင့်မသာခဲ့ပေ။

၆/၂/၁၈၂၀ နေပြည်တော်တွင် (၁၄)ရက်ခန့် ဆက်လက်နေထိုင်ပြီး (၆–၂–၁၈၂၀)ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့ကြရာ (၁၈–၂–၁၈၂၀)ရက်နေ့တွင် ရန်ကုန်သို့ပြန်လည်ရောက်ရှိကြသည်။ ထို့နောက် လွတ်လပ်စွာသာသနာပြုနိုင်ရန်အတွက် သာသနာပြုဌာနကို ရန်ကုန်မြို့မှ စစ်တကောင်းမြို့သို့ ပြောင်းရွှေ့လုပ်ဆောင်ရန် သင့်မသင့်၊ သာသနာပြုဆရာများနှင့် တပည့်တော်တို့ ဆွေးနွေးတိုင်ပင်ကြရာ–

၂၄/၂/၁၈၂၀ နေ့တွင် ဦးပြားက ယောက်ဖတော်စပ်သူ မောင်(ဦး)မြတ်ယာနှင့်အတူလာရောက်၍ မောင်မြတ်ယာသည် နှစ်ခြင်းခံယူရန် စဉ်းစားလျက်ရှိကြောင်းနှင့် သာသနာပြုဆရာ/မတို့

ရန်ကုန်မှ အခြားဒေသသို့ ထွက်ခွာရန်မသင့်သေးကြောင်း၊ အနည်းဆုံးတပည့်တော် (၁၀)ယောက်ရရှိအောင် ကြိုးပမ်းပြီးမှထွက်ခွာရန်၊ လိုအပ်ပါကတစ်ဦးကို ဆရာအရာခန့်ထားလျက် သွားလိုကသွားကြရန်နှင့်ဘုရားရှင်၏ သာသနာတော်သည် တိုးပွားမည်အမှန်ဖြစ်ကြောင်း ဖော်ပြကြရာ သာသနာပြုတို့အနေနှင့် တပည့်တော်တို့၏ ယုံကြည်ခြင်းကို တွေ့မြင်ရသည့်အတွက် ဝမ်းသာဝမ်းနည်းဖြစ်လျက် အစီအစဉ်ပြောင်း၍ ဆက်လက်နေထိုင် အမှုတော်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၁/၈/၁၈၂၁ ဆရာမအဲန် အမေရိကန်နိုင်ငံသို့ ခေတ္တပြန်သည်။

၁၃/၁၂/၁၈၁၂ Dr. Jonathan Price နှင့်ဇနီးရန်ကုန်မြို့ရောက်ရှိသည်။

၂၈/၈/၁၈၂၂ ဘကြီးတော်ဘုရင်မင်းမြတ်၏ ဆင့်ခေါ်ချက်အရ ဆရာကြီးယုဒသန်နှင့်ဆရာဝန် Dr. Jonathan Price တို့ အင်းဝနေပြည်တော်သို့ ရေကြောင်းခရီးဖြင့် ဆန်တက်ခဲ့ကြရာ၊

၂၇/၉/၁၈၂၂ ရက်နေ့တွင် နေပြည်တော်သို့ ဆိုက်ရောက်ကြသည်။ Dr. Jonathan Priceအတွက် စစ်ကိုင်းတွင်လည်းကောင်း၊ ဆရာကြီးယုဒသန်အတွက် အင်းဝနေပြည်တော်တွင်လည်းကောင်း မြေနေရာများ ရရှိကြပါသည်။

၁၂/၇/၁၈၂၃ ဓမ္မသစ်ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီးစီးသည်။ ဓမ္မဟောင်းကျမ်းကို စတင်ဘာသာပြန်ပါသည်။

၅/၁၂/၁၈၂၃ ဆရာမအဲန် အမေရိကန်မှရန်ကုန်သို့ ပြန်လည်ဆိုက်ရောက်လာသည်။

၂၃/၁/၁၈၂၄ မိသားစုနှင့်အတူ ဆရာကြီးယုဒသန် အင်းဝနေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

၈/၆/၁၈၂၄ အင်္ဂလိပ်–မြန်မာပထမစစ်ပွဲဖြစ်၍ ဆရာကြီးယုဒသန်နှင့်





Dr. Jonathan Price တို့ မသင်္ကာမှုနှင့် ဖမ်းဆီးချုပ်နှောင်ခြင်း(အင်းဝ–လက်မရွံ့ထောင်တွင်)ခံရသည်။

၂/၅/၁၈၂၅ အင်းဝနေပြည်တော် လက်မရွံ့ထောင်မှ အောင်ပင်လယ်(ရွာ)ထောင်သို့ ပြောင်းရွှေ့ခြင်းခံရသည်။

*''မြန်မာဘာသာပြန်ပြီးဖြစ်သော ဓမ္မသစ်ကျမ်းစာမူများ မပျောက်ပျက်စေရန် ဆရာမကြီးအဲန်က ခေါင်းအုံးအတွင်းထည့်သွင်းချုပ်လုပ်၍၊ ထောင်တွင်း၌ ဆရာကြီးအသုံးပြုရန် ပေးပို့ထားခဲ့ပါသည်။ ထောင်ပြောင်းသောအခါ၊ ပြင်ပ၌စွန့်ပစ်ထားသည်ကို ဦးအင်း တွေ့ရှိပြီး၊ ပြန်လည်ကောက်ယူခဲ့သဖြင့် ဆုံးရှုံးခြင်းမရှိခဲ့သည်မှာ ဘုရားသခင်၏ ကျေးဇူးတော်ပင်ဖြစ်ပေသည်။''*

၂/၅/၁၈၂၅ အင်းဝနေပြည်တော်လက်မရွံ့ထောင်မှ အောင်ပင်လယ်(ရွာ)ထောင်သို့ ပြောင်းရွှေ့ခြင်းခံရသည်။

၇/၁၁/၁၈၂၅ အင်္ဂလိပ်–မြန်မာ ပထမစစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းရာတွင် စကားပြန်အဖြစ်ထမ်းဆောင်ရန် ရန္တပိုု/မလွန်သို့ ခေါ်ဆောင်ခြင်းခံရသည်။

၁၇/၁၂/၁၈၂၅ တာဝန်ပြီးဆုံးသည်နောက် ရန္တပို/မလွန်မှအင်းဝ၊ အင်းဝမှအောင်ပင်လယ်သို့ ပြန်လည်ရောက်ရှိသည်။ စစ်ပြေငြိမ်းရေး ညှိနှိုင်းစကား ဆိုကြရာတွင် အင်္ဂလိပ် (Sir. Archibald Campbell) တို့ဘက်မှ ဆရာကြီးယုဒသန်နှင့် မိသားစုတို့ကို အောက်ပြည်သို့လွတ်လပ်စွာပြန်ခွင့်ပြုရန်တောင်းဆိုရာ ဘကြီးတော်မင်းတရားက ''သူတို့တွေဟာ့ ့ အင်္ဂလိပ်မဟုတ်ဘူး၊ ငါ့လူတွေ၊ သူတို့ကိုသွားခွင့်မပေးနိုင်ဘူး''ဟု မိန့်တော်မူသည်ကို သိမှတ်ကြရန်

လိုအပ်ပါသည်။

၃၁/၁၂/၁၈၂၅ အကျဉ်းချထားခြင်းမှလွတ်၍ မြောက်ဘက်ဝန် Governor of the North Gate၏ ကြီးကြပ်မှုအောက်တွင် နေထိုင်ခွင့်ရသည်။

၂၁/၂/၁၈၂၆ ချုပ်နှောင်မှုအားလုံးမှလွတ်၍ ရန္တပို/မလွန်သို့ မိသားစုနှင့် အတူစုန်ဆင်းပြီး ထိုမှတဆင့် ရန်ကုန်သို့ ပြန်လည် ထွက်ခွာခဲ့သည်။

၂/၇/၁၈၂၆ ရန်ကုန်မြို့ရှိ သာသနာ့လုပ်ငန်းများကို ပိတ်သိမ်းကာ ရန်ကုန်တပည့်တော်တချို့တို့နှင့် ရွှေ့ပြောင်းကြ၍ကျိုက္ခမီ မြို့သို့ ရောက်ရှိကြသည်။

၅/၇/၁၈၂၆ အင်္ဂလိပ်ဘုရင်ခံ ခရောဖို့(Mr. Crawford)၏ အကူအညီတောင်းခံချက်အရ ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရန် ကျိုက္ခမီမြို့မှ အင်းဝနေပြည်တော်သို့ စတင်ထွက်ခွာသည်။

၃၀/၉/၁၈၂၆ အင်းဝနေပြည်တော်သို့ စတုတ္ထအကြိမ် ရောက်ရပြန်သည်။ နှစ်ဖက်ညှိနှိုင်းရာတွင် လွတ်လပ်စွာ တရားဟောပြောခွင့် ရဖို့ရန်မျှော်လင့်၍ လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။ သို့သော် အောင်မြင်မှုမရရှိပေ။

၂၄/၁၀/၁၈၂၆ ဆရာကြီးကတော် ဆရာမ Ann Judson ကျိုက္ခမီ မြို့တွင် ဘုန်းတော်ဝင်စားသည်။

၂၄/၁/၁၈၂၇ ဆရာကြီးယုဒသန် ကျိုက္ခမီမြို့ ပြန်လည်ရောက်ရှိသည်။

၁၀/၈/၁၈၂၇ ကျိုက္ခမီမြို့မှ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့သည်။

၉/၅/၁၈၂၈ မိခင်တက္ကသိုလ် ဖြစ်သည့် Brown Universityမှချီးမြှင့်သည့်ဂုဏ်ထူးဆောင်ပါရဂူ(Doctor of Divinity: DD)ဒေါက်တာဘွဲ့ကို လက်မခံ၊ ပြန်လည်ပေးအပ်ခဲ့သည်။





၁၉/၁၂/၁၈၃၂ မြန်မာဘာသာဖြင့် ဓမ္မသစ်ကျမ်းကို ပုံနှိပ်ပြီးစီးသည်။

၃၁/၁/၁၈၃၄ ဓမ္မဟောင်းကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီးစီးသည်။

၁၀/၄/၁၈၃၄ ထားဝယ်မြို့တွင် ဘုန်းတော်ဝင်စားခဲ့ပြီးသော သာသနာပြုဆရာကြီး Rev. Georerge Jana Boardman ၏ဇနီး ဆရာမကြီး ဆာရာဘို့(ဒ)မန်(Mrs.Sarah Board Man)နှင့် ထားဝယ်မြို့တွင် ထိမ်းမြားလက်ထပ်၍ ဒုတိယအိမ်ထောင် ထူထောင်သည်။

၂၉/၁၂/၁၈၃၅ မြန်မာဘာသာ သမ္မာကျမ်းစာ(ဓမ္မဟောင်း/ဓမ္မသစ်) အပြည့်အစုံ၊ ပထမအကြိမ် ပုံနှိပ်ပြီးစီးသည်။

၁၈/၁၁/၁၈၃၇ သမ္မာကျမ်းချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြုစုပြီးစီးသည်။

၂၅/၇/၁၈၄၅ ဇနီးဆရာမကြီးဆာရာ၏ ကျန်းမာရေးချို့ယွင်းမှုကြောင့် အမေရိကနိုင်ငံဖက်သို့ ဦးတည်ခရီးပြုခဲ့ကြရာ ၁-၉-၁၈၄၅ ရက်နေ့တွင် ခေါ်တော်မူခြင်းခံရ၍ St.Helena ကျွန်းတွင် သင်္ဂြိုလ်ခဲ့ရသည်။ ဆရာကြီးကိုယ်တိုင်မူ၊ အမေရိကန်နိုင်ငံသို့ ခရီးဆက်ခဲ့ပါသည်။ သာသနာပြုသက်တမ်း တစ်လျှောက် ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ဖြစ်ပါသည်။

၁/၆/၁၈၄၆ အမေရိကန်နိုင်ငံတွင် ရှိနေစဉ်အတွင်း လှည့်လည်သွားလာ ဟောပြောသက်သေခံခြင်းများ ပြုသည်သာမက နာမည်ကျော်စာရေးဆရာမ Miss. Emily Chubuck ကလောင်အမည်(Famnie Forester)နှင့် Hamilton မြို့တွင်ထိမ်းမြား၍ တတိယအိမ်ထောင်ကို ထူထောင်ပြန်သည်။

၃၀/၁၁/၁၈၄၆ အခြားသာသနာပြု ဆရာမိသားစု(၂)စုနှင့်အတူ မော်လ

မြိုင်မြို့သို့ ပြန်လည်ဆိုက်ရောက်သည်။

၂၄/၁/၁၈၃၄ အင်္ဂလိပ်–မြန်မာအဘိဓာန် ရေးသားပြုစုပြီးစီးသည်။ (မြန်မာ–အင်္ဂလိပ်)အဘိဓာန်ကိုမူ ပြီးဆုံးသည့်တိုင်အောင် ပြုစုနိုင်စွမ်း မရှိတော့ပေ။

၃/၄/၁၈၅၀ ကျန်းမာရေးအခြေအနေ ဆိုးလာသောကြောင့် သက်သာမှု ရမည်ဟုမျှော်လင့်လျက် Rev. Thomas Ranney လိုက်ပါကာ ပြင်သစ်နိုင်ငံ Aristide Maria သင်္ဘော ဖြင့် ပင်လယ်ခရီး ထွက်ခဲ့ကြသည်။

၁၂/၄/၁၈၅၀ သောကြာနေ့၊ညနေ(၄း၁၅)အချိန်တွင်အန်ဒမန်(ကပ္ပလီကျွန်း)အနီးတွင် ပင်လယ်ပြင်တစ်နေရာ၌ အသက်(၆၂) နှစ်ရှိ ဆရာကြီးယုဒသန်သည် သခင်ဘုရား၌ ဘုန်းတော်ဝင်စားပါသည်။ ဆရာကြီး၏ကျန်ကြွင်းသော ရုပ်ခန္ဓာကို ပင်လယ်ပြင်၌ သင်္ဂြိုလ်ခဲ့ရပေသည်။

*သုခ၊ဒုက္ခ ဘယ်သို့တွေ့တွေ့*
*ရှေ့သို့ ဆောင်ရွက်ရမည်။*
*မြန်မာလွင်ပြင်––ငါတို့ကြဲ၍*
*ဇိအုန်ထိပ်၌––ရိတ်ကြမည်*
***In Joy or Sorrow, health or pain***
***Our course be onward still;***
***We sow on Burma's barren hill***
***We reap on Zion hill.***





## အပိုင်း(ခ) ဆရာကြီးယုဒသန်၏မှတ်သားဖွယ်ရာစကားများ

- အိုဘုရားသခင်၊ ကိုယ်တော်ဟာ ကျွန်ုပ်နှင့်အတူ ရှိပါလျက်နဲ့ ဘာဖြစ်လို့ ဒီလောက်ပြင်းပြတဲ့ ဒုက္ခဝေဒနာကိုခံစားနေရတာလဲ။ ခရစ်တော်အတွက်သာ မဟုတ်ခဲ့ရင် . . .
- ဘုရားသခင် ကတိတော်အတိုင်း မြန်မာနိုင်ငံအဖို့ ရှေ့အနာဂတ်သည် ထွန်းလင်းတောက်ပနေသည် . . .
- In Joy or sorrow , health or pain
  Our course be onward still.
  We sow on Burma's barren hill,
  we reap on Zion's hill
  မြန်မာအဘိဓာန်စာအုပ်၊ အတွင်းအဖုံးပေါ်တွင် ခဲတံဖြင့်ရေးသားထားသည်မှာ . . . ''သုခဒုက္ခ ဘယ်လို တွေ့တွေ့၊ ရှေ့သို့ဆောင်ရွက်ရမည်။ မြန်မာလွင်ပြင် ငါတို့ကြဲ၍ ဇိအုန်ထိပ်၌ရိတ်ကြမည်''
- သမ္မာကျမ်းစာကို ပြန်ဆိုနေစဉ် ပြောခဲ့သောစကားမှာ . . . ''ကျွန်တော်စာရေးစဉ် မျက်ရည်ကျခဲ့ရသည်။ ကျွန်တော်ရဲ့ကြီးမြတ်ဆုံးသော တာဝန်မှာ ဧဝံဂေလိတရား ဟောပြောဖို့ ဖြစ်ပါသည်။ သို့ရာတွင် . . . သမ္မာကျမ်းစာကို ဘာသာပြန်ဆိုခြင်းမှာလည်း ခရစ်ယာန်ဘာသာ မြန်မာနိုင်ငံ၌တည် ဆောက်ရာတွင် အရေးကြီးဆုံးဖြစ်သည်။''
- သခင်ခရစ်တော်ကို နှလုံးသားထဲမှာသာ ထားပြီအများသူငှာ ရှေ့မှာငြင်းပယ်ရင်၊တပည့်တစ်ယောက်လို့ မခေါ်နိုင်သေးဘူး။
- တာရှည်စွာ ခံစားရအောင် ဆင်းရဲခြင်းများအားဘုရားသခင်ထံ အပ်နှံလိုက်၏။ အိုချမ်းသာသုခကို ပေးသောလက်ဝါးကားတိုင်

တော်ကြောင့် ကြီးစွာသော ဒုက္ခအတွက်ကျေးဇူးတင်ပါ၏။ ခါးသီးစွာခံစားရခြင်းသည်ပင် ချိုမြလှပါတကား။

- ညီအစ်ကိုတို့ ယေရှုကိုစေ့စေ့ကြည့်ပါ။ မျက်နှာတော်ကိုမြင်ခြင်းအားဖြင့် နှစ်သိမ့်မှုနှင့် ရွှင်လန်းမှုကိုရပါမည်။ဝေဒနာခံစားရ သောအခါ ယေရှုကို ကြည့်ပါ။ ယေရှုက အသက်ပေးမည်။ တရားစီရင်ရာ ကာလတွင်လည်း ယေရှုကိုကြည့်ပါ။သင့်အားယေရှုကယ်တင်မည်။
- Ann Judson ၏ မှတ်တမ်း၌လည်း သည်းမခံနိုင်ဖွယ်အခြေအနေများကြား၌ မည်ကဲ့သို့ရုန်းကန်သက်ရှင်ရကြောင်းဖော်ပြထားပါသည်။ ''မထင်ရှားမှုန်ဝါးသော ရှေ့ရေးကြောင့် ရက်အတန်ကြာစိတ်အားပျက်ရသည်။ အမှုဆောင်သာသနာလုပ်ငန်းနှင့် စပ်လျဉ်း၍ အရာရာတိုင်းသည် မသေမချာမရေမရာမှုများသာတည်း။ ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် ခက်ခဲလှပြီ၊ ရှေ့ဆက်အနာဂတ်မှာ မှောင်မဲ၍ကိုယ်တော်အား အကြွင်းမဲ့ကိုးစားရန် အခက်အခဲတွေ့နေ၏။ သို့သော်လည်း အခြေအနေများရှင်းလင်းထင်ရှားလွယ်ကူနေပါက ကိုယ်တော်ကိုကိုးစားစရာအခွင့် ဘယ်မျှလောက်ရှိလေမည်နည်း။ ထို့ကြောင့် မြည်တွန်ငြီးတွားပြခြင်းအစားဝမ်းမြောက်ရသောအခွင့်ကိုပေးပါ။ သဘောသဘာဝအလျောက်အမှီပြုတတ်သောအရာများအား ဖယ်ရှားလျက် ကိုယ်တော်ဘုရားအားကိုးစားရန်သာ ကြပ်ကြပ်သွေးဆောင်သူ ကောင်းကင်ဘုံရှင်အဘအား ကျေးဇူးတော်ချီးမွမ်းလိုစိတ်ကို ပေးတော်မူပါ။
- မြန်မာပြည်၏ သာသနာပြုဆရာကြီး ဒေါက်တာဂျဒ်ဆင်က. . ''ဘုရားသခင်သည် စိတ်ပျက်အားလျော့ခြင်း မရှိသောဆုတောင်းသံကို နှစ်ခြိုက်တော်မူသည်။ ဤသို့မဟုတ်သည့် ဆုတောင်းခြင်း





များအတွက် ကောင်းကြီးများစွာ မပေးလိုကြောင်းဖော်ပြသည်။ လူသားတို့အနေဖြင့် ဘုရားသခင် လိုလိုလားလားနှင့် အသင့်ပြင်ဆင်ထားသော ကောင်းကြီးမင်္ဂလာများကို ထိုက်တန်စွာရယူနိုင်ဖို့ ဤအချက်ကိုအလေးအနက်ပြုရမည်။မဖြစ်မနေပြင်ဆင်ရမည်''

◈◈◈



# အပိုင်း –ဂ

## ၂၀၁၄ ခုနှစ်အတွက် ယုဒသန်နေ့အလှူငွေစာရင်း

အဖွဲ့ချုပ်များ၊ ပြည်ပမြန်မာနှစ်ခြင်းအသင်းတော်များ၊ တစ်ဦးချင်းနှင့်အခြား ပေးလှူမှုများ

| စဉ် | လူ/ဒေအဖွဲ့ချုပ် | ၂၀၁၃–ခုနှစ် | ၂၀၁၄–ခုနှစ် |
|---|---|---|---|
| ၁။ | ကချင်နှစ်ခြင်းအဖွဲ့ချုပ် | ၁၀,၇၃၀,၂၀၀ | ၁၀,၄၃၉,၂၂၀ |
| ၂။ | ကရင်နှစ်ခြင်းအဖွဲ့ချုပ် | ၁၀,၂၇၁,၃၀၀ | ၅,၀၅၂,၆၀၀ |
| ၃။ | မြန်မာနိုင်ငံနှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ် | ၄,၂၀၀,၆၅၅ | ၄,၆၈၆,၈၉၀ |
| ၄။ | ချင်းနှစ်ခြင်းအဖွဲ့ချုပ် | ၄,၇၅၁,၄၉၅ | ၄၈,၃၆,၄၆၅ |
| ၅။ | လားဟူနှစ်ခြင်းအဖွဲ့ချုပ် | ၃,၀၅၀,၀၀၀ | ၃,၀၆၀,၀၀၀ |
| ၆။ | ပိုးကရင်နှစ်ခြင်းအဖွဲ့ချုပ် | ၁,၃၅၂,၃၅၅ | ၆,၂၀၃,၄၂၀ |
| ၇။ | လီဆူနှစ်ခြင်းအဖွဲ့ချုပ် | ၁၁၈,၀၀၀ | ၇၂၆,၅၀၀ |
| ၈။ | တောင်/ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၁,၀၇၄,၄၀၀ | ၂၇၀,၀၀၀ |
| ၉။ | ရွှေလီရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၃၆၀,၀၀၀ | ၆၃၇,၄၀၀ |
| ၁၀။ | အာခါနှစ်ခြင်းအဖွဲ့ချုပ် | ၂၀၀,၀၀၀ | |
| ၁၁။ | အရှိုချင်းနှစ်ခြင်းအဖွဲ့ချုပ် | ၂၂၂,၇၇၀ | ၂၀၄,၇၀၀ |
| ၁၂။ | အရှေ့/ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ |
| ၁၃။ | မြောက်/ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၇၃၇,၆၀၀ | ၆၅၆,၂၀၀ |
| ၁၄။ | နာဂနှစ်ခြင်းအဖွဲ့ချုပ် | ၂၅၀,၇၅၀ | ၅၇၈,၄၀၀ |
| ၁၅။ | ရခိုင်နှစ်ခြင်းအဖွဲ့ချုပ် | ၁၁၈,၀၀၀ | ၃၂၈,၁၀၀ |
| ၁၆။ | မွန်နှစ်ခြင်းအဖွဲ့ချုပ် | ၂၅၇,၀၀၀ | ၂၇၅,၀၀၀ |
| ၁၇။ | ''ဝ'' နှစ်ခြင်းအဖွဲ့ချုပ် | ၃၆၁,၄၅၀ | ၅၃၁,၉၅၀ |
| ၁၈။ | တီးတိန်နှစ်ခြင်းအဖွဲ့ချုပ် | ၈၁၁,၈၀၀ | ၆၈၈,၅၀၀ |
| ၁၉။ | ယုဒသန်နှစ်ခြင်းအသင်းတော် | ၁၈၃,၂၂၅ | ၂၂၆,၀၀၀ |
| ၂၀။ | မောန္တလနှစ်ခြင်းအသင်းတော် | – | ၁၀၀,၀၀၀ |
| ၂၁။ | အဝေးရောက်မြန်မာနှစ်ခြင်းအသင်းတော်များ | ၁၁,၉၁၀,၀၂၅ | ၄,၉၈၈,၆၇၀ |
| ၂၂။ | တစ်ဦးချင်းနှင့်အခြား | ၁,၂၁၆,၇၀၀ | ၁,၈၀၈,၅၈၂ |
| | စုစုပေါင်း | ၅၂,၃၇၇,၇၂၅ | ၄၆,၄၉၇,၅၉၇ |

၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့အထိလက်ခံရရှိထားသောအလှူငွေစာရင်းဖြစ်သည်။





## ယုဒသန်နေ့အလှူငွေ

နှစ်အလိုက်တိုးတက်မှုအခြေပြဇယား

